မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံ၏ အကြီးအကဲ ရှိတ် ဂျာဘား အယ်လ်အာမက် အယ်လ်ဆားဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဖန်းဆိပ်ရေလှောင်တမံနှင့် ကန့်ဘလူကျွန်းအထူးစိုက်ခင်းစစ်ဆေး

သဖန်းဆိပ်ရေလှောင်တမံကြီး ရည်မှန်းချက်အတိုင်း စိုက်ပျိုးရေပေးဝေနိုင်ရေးကြိုးပမ်း

ဆည်အတွင်းရေဝင်ကောင်းပြီး ရေသိုလှောင်မှုအားကောင်းမှ ရေအားလျှပ်စစ်အပြည့်အဝထုတ်နိုင်မည်

ရေလှောင်တမံကြီးရေရှည်တည်တံ့ရေးနှင့် ဆည်ရေအပြည့်အဝအသုံးချနိုင်ရေး ညှိနှိုင်းရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် **စာမျက်နှာ ၈ ကော်လံ ၁** ❒

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဖန်းဆိပ်ရေလှောင်တမံပင်မရေပိုလွှဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဖန်းဆိပ် ရေလှောင် တမံ

- သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ၁၀မဂ္ဂါဝပ်ရှိ စက်သုံးလုံး တပ်ဆင်ထားပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၃၀ ထုတ်လွှတ်ပေးလျက်ရှိ။
- သဖန်းဆိပ် ရေလှောင်တမံမှာ ရေကေပေ ၂၈သိန်း သိုလှောင်အားရှိပြီး ယခုအချိန်၌ လက်ကျန်ရေကေပေ ၂၄သိန်းကျော်ရှိသဖြင့် နွေစပါး စိုက်ပျိုးရေးအတွက် ရေအလုံအလောက်ရှိသည့်အပြင် လျှပ်စစ် ဓာတ်အားကိုလည်း အပြည့်အဝထုတ်လုပ်နိုင်အားရှိ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

မြန်မာ-ဖိလစ်ပိုင် ကောင်းမြတ်သည့်ဆက်ဆံရေးများဖြစ်ထွန်း နှစ်နိုင်ငံပြည်သူများအကြား အကျိုးရလဒ်ကောင်းများတိုးပွား

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အရှေ့တောင်အာရှနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရေမြေခြားသော်လည်း ယဉ်ကျေးမှုဓလေ့စရိုက်များ တူညီမှုများရှိပေသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းဖြစ်သည့် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် သမုဒ္ဒရာခြားသော်လည်း ယဉ်ကျေးမှုဓလေ့ထုံးစံများ တူညီမှုရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ရှေးယခင်ကတည်းက အပြန်အလှန်လေးစားမှု၊ စိတ်ကောင်း စေတနာထားရှိမှုတို့အပေါ် အခြေခံပြီး ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြသည်။ ၁၉၉၇ခုနှစ်တွင် အာဆီယံအဖွဲ့သို့ မြန်မာနိုင်ငံ ဝင်ရောက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးများ ပိုမိုတိုးတက်ကျယ်ပြန့်လာခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ခရီးစဉ်တွင် ဖိလစ်ပိုင်သမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုက ဖေဖော်ဝါရီလ ၂၁ရက်နေ့၌ မနီလာမြို့ မလာကန်ညန်နန်းတော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါဂုဏ်ပြုတည်ခင်းသော နေ့လယ်စာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက–

"တစ်နေ့တခြား တိုးတက်ပေါင်းစည်းလျက်ရှိတဲ့ ယနေ့ကမ္ဘာကြီးမှာ ကျွန်တော်တို့ဟာ ချစ်ကြည်ရင်းနှီးတဲ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အနာဂတ်ဟာ နိုင်ငံရဲ့ ကိုယ်ပိုင်လက္ခဏာကို ယုတ်လျော့ မည့်ိုးနွမ်းစေဘဲ နိုင်ငံရေး၊ စီးပွားရေးအင်အားကို တိုးတက်စေမည့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုတွေအပေါ် မူတည်နေပါတယ်။ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ အာဆီယံအဖွဲ့ကြီးနဲ့ အဖွဲ့ကြီးရဲ့ ဒေသတွင်း စည်းလုံးရေးနဲ့ စီးပွားရေး ပေါင်းစည်းရေးတွေကို များစွာ အလေးထားပါတယ်"

ဟူ၍ ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အစဉ်အလာအရ ချစ်ခင်ရင်းနှီးသော နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်စေမည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ခဲ့ပြီး နှစ်နိုင်ငံ ခေါင်းဆောင်များ အပြန်အလှန် သွားရောက်လည်ပတ်ခဲ့သည့် အစဉ်အလာကောင်းများလည်း ရှိခဲ့သည်။ ယခုတစ်ဖန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဖိလစ်ပိုင်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုထင်ဟပ် ပေါ်လွင်စေခဲ့ပေသည်။

မြန်မာ–ဖိလစ်ပိုင်နှစ်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်မှုသည် ယခုအခါ တိုးတက်မြင့်မားလျက်ရှိသည့်အပြင် နှစ်နိုင်ငံအကြား ပို့ဆောင်ဆက်သွယ်ရေး ထူထောင်ရန် အပါအဝင် အခြားပူးပေါင်းဆောင်ရွက်မှုများကို ဖိလစ်ပိုင်စီးပွားရေး အသိုင်းအဝိုင်းက တိုးမြှင့်ဆောင်ရွက်လိုကြောင်း ကြားသိရပေသည်။

နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားအတွက် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ဒေသတွင်းနှင့် ကမ္ဘာ့အသိုင်းအဝိုင်းတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကြီးမားသော စိန်ခေါ်မှုများကို နိုင်ငံအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသာမက အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် သာတူညီမျှ လက်တွဲဆောင်ရွက်နိုင်မည့် အခြေခံကောင်းများပေါ်ထွက်နေပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်သည် အပြုသဘောဆောင်သော ကောင်းမြတ်သည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ရာ နှစ်နိုင်ငံပြည်သူများအကြား အကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာ သတင်းများ

အီရတ်၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူ အင်ဒိုနီးရှားသတင်းထောက်နှစ်ဦး ပြန်လည်လွှတ်မြောက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်က ဓားစာခံအဖြစ်ဖမ်းဆီးခံခဲ့ရသော အင်ဒိုနီးရှားသတင်းထောက်နှစ်ဦးအား ပြန်လည် လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဒူဘိုင်းအခြေစိုက် အယ်အာရေဘီးယား ရုပ်မြင်သံကြားက တနင်္လာနေ့တွင် ကြေညာသည်။

အင်ဒိုနီးရှားသတင်းထောက်နှစ်ဦးဖြစ်သည့် မီယာဗီရာဒါဟာဖစ်နှင့် ဘူဒီယန်တိုတို့ကိုပြန်လွှတ်ပေးလိုက်ပြီးဖြစ်ကြောင်း လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကအဆိုပါရုပ်မြင်သံကြားသတင်းလိုင်းတွင် ပြောကြားသည်။

အတည်ပြု

သို့ရာတွင် ယင်းအင်ဒိုနီးရှားသတင်းထောက်နှစ်ဦး ပြန်လည်လွှတ်မြောက်ခြင်းကို အီရတ်သို့မဟုတ် အမေရိကန်နှင့် အပေါင်းပါ အာဏာပိုင်များက အတည်ပြုပြောကြားခဲ့ခြင်း မပြုဘဲထားသည်။

ပြောကြား

အီရတ်တွင်ရှိသော အင်ဒိုနီးရှားသံရုံးကလည်း အဆိုပါသတင်းထောက်နှစ်ဦးကို စောင့်မျှော်လျက်ရှိကြောင်း ပြောကြားသည်။ ယင်းသတင်းစာဆရာနှစ်ဦးသည် ပြီးခဲ့သည့် သတင်းပတ်အင်္ဂါနေ့က ပျောက်ဆုံးခဲ့ပြီးနောက် အီရတ်လက်နက်ကိုင်အဖွဲ့တစ်ခုက ပြီးခဲ့သည့် သောကြာနေ့၌ မိမိတို့ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အယ်ဂျာဇီယာ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည့် ဗီဒီယိုတိပ်ခွေတွင် ပြောကြားခဲ့သည်။

အလုပ်လုပ်

အဆိုပါ အင်ဒိုနီးရှားသတင်းစာဆရာနှစ်ဦးသည် အင်ဒိုနီးရှား ရုပ်မြင်သံကြား မက်ထရိုတီဗွီအတွက် အလုပ်လုပ်ကိုင်ပေးနေကြသူများဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ ရာသီဥတု ပူနွေးလာမှုကြောင့် လူသားတို့ ကျန်းမာရေးထိခိုက်နိုင်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၃

တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပူနွေးမှု မြင့်မားလာခြင်းကြောင့် အပူလှိုင်းများနှင့် ကပ်ဘေးဒုက္ခများ ဖြစ်ပွားနိုင်ပြီး ရောဂါဘယများလည်း ဖြစ်ပွားနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ နောက်ဆုံးလေ့လာတွေ့ရှိချက်တစ်ရပ်ကို အင်္ဂါနေ့တွင် ဖော်ပြထားသည်။

အပြောင်းအလဲဖြစ်စေ

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုသည် လူသားတို့အပေါ်တွင် ထိရောက်မှုရှိကြောင်း၊ အထူးသဖြင့် လူသားတို့၏ ကျန်းမာရေး အပေါ်တွင် ပြောင်းလဲမှုကို ဖြစ်စေကြောင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ပူနွေးမှုမြင့်မားလာခြင်းကြောင့် ရောဂါများဖြစ်ပွားပြီး ပတ်ဝန်းကျင် အနေအထားကို အပြောင်းအလဲဖြစ်စေကြောင်း၊ ကမ္ဘာ့ပတ်ဝန်းကျင် ပြောင်းလဲမှု၏ လူသားတို့အပေါ် အကျိုးသက်ရောက်မှုဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဂျိုနာသန်အေပက်က ပြောကြားသည်။

ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကြောင့် မုန်တိုင်းကြီးများ၊ အပူလှိုင်းများ၊ ရေလွှမ်းမိုးမှုများ၊ ရာသီဥတုဆိုင်ရာ ထူးခြားမှုဖြစ်စဉ်များပေါ်ပေါက်နိုင်ပြီး ယင်းကဲ့သို့သော ဖြစ်ရပ်များကြောင့် လူသားတို့ကျန်းမာရေးအပေါ် ထိခိုက်နိုင်ကြောင်း ဝက်စ်ကွန်ဆင်မက်ဒီဆင်တက္ကသိုလ်မှ ပါမောက္ခဂျိုနာသန်အေပက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၂၅–၂–၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
- (က)ဥမ္မာဒန္တီပျို့လာ သရုပ်ဖော် အဖွဲ့များအကြောင်း (ပထမနှစ်–မြန်မာစာ)
- (ခ)The International Court of Justics I.C.J. (ဥပဒေပညာ–တတိယနှစ်)
- ၅း၂၅ ၉။ Goal Show အစီအစဉ်
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း–၂၆)
- ၆း၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျှာ"** (အပိုင်း–၁၅)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဥာဏ်ကြီး ဘုန်းမီးနေလ"**(အပိုင်း–၂၃)

မလေးရှား-စင်ကာပူ ထိပ်သီးဆွေးနွေးပွဲ မတ် ၁ ရက်တွင် ပြန်လည်စတင်ရန် အတည်ပြု

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၃

မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများ အချိန်ကြာမြင့်စွာ အငြင်းပွားမှုများကို ဖြေရှင်းရန် မတ်လ ၁ ရက်တွင် ထိပ်သီးဆွေးနွေးပွဲများ ပြန်လည်စတင်မည်ဖြစ်ကြောင်း မလေးရှားတာဝန်ရှိသူများက သောကြာနေ့၌ ပြောကြားသည်။

စင်ကာပူ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်နှင့် မလေးရှား ဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီတို့သည် ၂၀၀၄ခုနှစ် ဒီဇင်ဘာလလယ်က တွေ့ဆုံခဲ့ကြသည်။ ယင်းတွေ့ဆုံမှုသည် ၂၀၀၀ပြည့်နှစ်ကတည်းက ဆက်ဆံရေးတိုးတက်ရန် ပထမဆုံးသော အဆင့်မြင့်တွေ့ဆုံမှုဖြစ်သည်။

ဆွေးနွေးမှု အသစ်ကို မတ်လ ၁ ရက်တွင် ပုထရာဂျာယား၌ ပြုလုပ်ရန် အတည်ပြုထားကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ဆက်လက်ဆွေးနွေးညှိနှိုင်းကြမည်

● ကျောဖုံးမှ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဥက္ကဋ္ဌ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် အထောက်အကူပြုအဖွဲ့ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ ကျင်းပခဲ့ရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့က စနစ်တကျ တက်ညီလက်ညီ ဆောင်ရွက်ပေးမှု၊ ညီလာခံ ကိုယ်စားလှယ်များကလည်း စိတ်ပါ လက်ပါ အားတက်သရော ပါဝင်ဆောင်ရွက်မှုတို့ကြောင့် ချောမောအောင်မြင်လျက်ရှိကြောင်း။

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၀၅)တွင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲ မှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၀၅) တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၄/၂၀၀၅)တွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး (၂) ဦးမြင့်သိန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်များက ညီလာခံကိစ္စများကို အလေးထားစိတ်ပါဝင်စားပြီး အားတက်သရော ပါဝင်ဆွေးနွေးပုံ၊ ညီလာခံကိုယ်စားလှယ်များအတွက် ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးမှုကြောင့် ညီလာခံကိုယ်စားလှယ်များ စိတ်ချမ်းမြေ့စွာ လှုပ်ရှားဆောင်ရွက်နေကြပုံစသည်တို့ကို ပြည်သူများက သတင်းပြန်ကြားရေးလုပ်ငန်းများမှတစ်ဆင့် တွေ့မြင်သိရှိကြရသဖြင့် အားရကျေနပ် ဝမ်းသာလျက်ရှိကြကြောင်း။

ဖတ်ကြားတင်ပြပြီး

ယခုပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံတွင် လုပ်ငန်းပိုင်းနှင့် ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းပြီး ညီလာခံကိုယ်စားလှယ်စုံညီအစည်းအဝေးတွင် သုံးရက်တိုင် ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ကြောင်း။

ယင်းအကြံပြုတင်ပြချက်များတွင် ကောင်းမွန်သင့်မြတ်သည့် အကြံပြုချက်များကို ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာ၌ ညီလာခံကိုယ်စားလှယ်များ၏ သဘောထားများကို တတ်နိုင်သမျှ ညီညွတ်စေရန် အစုအဖွဲ့များထံမှ အတည်ပြုသဘောထားများ ရယူသွားကြရန်ဖြစ်ကြောင်း။

ဆွေးနွေးညှိနှိုင်း

အကြံပြုတင်ပြချက်များအပေါ် အစုအဖွဲ့၏ တူညီသည့် သဘောထားများရရှိသည့်အခါ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများကို ညီလာခံစုံညီအစည်းအဝေးက အတည်ပြုချမှတ်ရန်ဖြစ်ကြောင်း၊ ၎င်းနောက် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင် ဆက်လက်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ကဏ္ဍတစ်ခုပြီးတစ်ခု ချောချောမောမောဖြင့် အောင်မြင်စွာကျင်းပနိုင်ရန်မှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ညီလာခံကိုယ်စားလှယ်ကြီးများ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် များစွာမူတည်နေကြောင်း။

ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက် အဖျက်သမားများ၏ ညီလာခံပျက်စီးအောင်၊ အခက်အခဲဖြစ်အောင် အဖျက်အမှောင့်ဆောင်ရွက်မှုများကို အသိတရားလက်ကိုင်ထားပြီး မိမိတို့၏ ခွဲ၊ လုံ့လ၊ ဝီရိယ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် ပေါင်းစည်းပြီး အောင်မြင်စွာကျော်လွှားသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို ပြီးမြောက်အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဆောင်ရွက်လျက်ရှိသော အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းမှု၊ ညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေရေးနှင့် သက်သာ ချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ညီလာခံကိုယ်စားလှယ် မှတ်တမ်းစာအုပ်ထုတ်ဝေရေးကိစ္စနှင့် အခြားအထွေထွေကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၄/၂၀၀၅)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက် အပေါ် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ အကြံပြုတင်ပြချက်စာတမ်းများကို စုစည်း၍ အမျိုးသားညီလာခံအစည်းအဝေး၌ ပြန်လည်တင်ပြခြင်းနှင့် ယင်းတို့ကို ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက အစုအဖွဲ့အလိုက် ပြန်လည်ညှိနှိုင်းဆွေးနွေးနေမှုအခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး အစီအစဉ်များ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့်ပေါင်းစည်းပြီး အောင်မြင်စွာကျော်လွှား

- ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများကို ညီလာခံစုံညီအစည်းအဝေးက အတည်ပြုချမှတ်၊
- အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ် အခြေခံ ရမည့်မူများ ရရှိအောင် ဆက်လက်ဆွေးနွေးညှိနှိုင်း၊
- အမျိုးသားညီလာခံကြီးကို ကဏ္ဍတစ်ခုပြီးတစ်ခု ချောချောမောမောဖြင့် အောင်မြင်စွာကျင်းပနိုင်ရန်မှာ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ညီလာခံကိုယ်စားလှယ်ကြီးများ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် များစွာမူတည်နေ၊
- အခက်အခဲဖြစ်အောင် အဖျက်အမှောင့်ဆောင်ရွက်မှုများကို အသိတရားလက်ကိုင်ထားပြီး မိမိတို့၏ ခွဲ၊ လုံ့လ၊ ဝီရိယ၊ တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်တို့ဖြင့် ပေါင်းစည်းပြီး အောင်မြင်စွာကျော်လွှား။

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များနှင့်အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ လုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန်သဘောထားတင်ပြချက်စာတမ်းများဖတ်ကြားဆွေးနွေးအတည်ပြု

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် မိမိတို့၏ သဘောထားတင်ပြချက်စာတမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်က ရှင်းလင်းပြောကြားချက်အပေါ် အမျိုးသားညီလာခံရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တို့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် မိမိတို့၏ သဘောထားတင်ပြချက် စာတမ်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ အစုအဖွဲ့များအတွက် သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပသည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် မိမိတို့၏ သဘောထားတင်ပြချက် စာတမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးပွဲကို မွန်းလွဲ ၁၂နာရီခွဲတွင် ဆွေးနွေးပွဲခန်းမ(၂)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်နှင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၃ဦးရှိသည့်အနက် ၁၃ဦးစလုံး တက်ရောက်လာသည့်အတွက် ရာနှုန်းပြည့် တက်ရောက်၍ ဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် ဆွေးနွေးပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက အဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှဒေါက်တာမှူထန်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏သဘောထားတင်ပြချက်စာတမ်းကိုဖတ်ကြားတင်ပြသည်။

ဆက်လက်၍အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှဦးလော်ဆင်ကွမ်းက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့် အစုအဖွဲ့၏သဘောထားတင်ပြချက် စာတမ်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှူထန် တင်ပြသည့် စာတမ်းအပေါ်ကိုယ်စားလှယ်များက ဆန္ဒပြုတင်ပြကြပြီးအလှည့်ကျသဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးပွဲကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဦးခင်ဇော်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဦးလှမြင့်နှင့် ဦးတင်လှိုင်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၅၆ ဦးရှိသည့် အနက် ၅၆ ဦးစလုံး တက်ရောက်လာသည့်အတွက် ရာနှုန်းပြည့်တက်ရောက်လာသဖြင့် ဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး သဘာပတိအဖွဲ့ဝင် ဦးတင်လှိုင်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အလှည့်ကျ သဘာပတိ ဦးခင်ဇော်က အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် အစုအဖွဲ့၏သဘောထားတင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏သဘာပတိအဖွဲ့ ပြည်နယ်နှင့်တိုင်းများမှစာတမ်းပြုစုမည့်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့မှ စာတမ်းပြုစုကြမည့် ကိုယ်စားလှယ်၁၄ဦးတို့၏ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းပြုစုရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၃)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ စာတမ်း ပြုစုရေးကိုယ်စားလှယ် ၁၄ဦးတို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က အမှာစကားပြောကြားသည်။

ဆုံးဖြတ်ချက်ချမှတ်

ထို့နောက် ပြည်နယ်နှင့်တိုင်း၁၄ခုတို့မှ ညီလာခံကိုယ်စားလှယ်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ ထပ်မံအကြံပြုရန် တွေ့ရှိချက် အချို့အပေါ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ကိုယ်စားလှယ်များအားလုံးက သဘောတူညီကြသည့် ကိစ္စနှင့်ပတ်သက်၍ စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင်ဦးစိုးမြင့်က ၎င်းတို့အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးကြကာ အတည်ပြုသဘောတူကြောင်း ဆုံးဖြတ်ချက်ချမှတ်ကြသည်။

ယင်းနောက် စာတမ်းကို အချောသပ်ပြုစုပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး၌ ဖတ်ကြားအတည်ပြုချက် ရယူရန် ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို မွန်းလွဲ၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းများမှ စာတမ်းပြုစုမည့် ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၃)၌ ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)

လေးမြို့နယ် ရှင်သာမဏေ ရေးဖြေစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း ဖျာပုံခရိုင် လေးမြို့နယ် ရှင်သာမဏေရေးဖြေစာမေးပွဲကို နှစ်စဉ် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များတွင် ပရိယတ္တိနုဂ္ဂဟအဖွဲ့ ဆရာတော်များဦးဆောင်ပြီး မြို့နယ်အလိုက် အလှည့်ကျ ကျင်းပခဲ့ရာ ယခုနှစ်(၃၂)ကြိမ်မြောက် လေးမြို့နယ် ရှင်သာမဏေရေးဖြေစာမေးပွဲကို ဖေဖော်ဝါရီ၂၅ရက်မှ မတ် ၁ရက်အထိ ကျိုက်လတ်မြို့ တိလောကမာရဇိန်ဘုရားကြီးအတွင်းရှိ သာသနဗိမာန်ကြီး၌ ကျင်းပမည်ဖြစ်သည်။

သံဃာတော်များ မြို့တွင်းလှည့်လည် ဆွမ်းခံကြွသည်ကို လှူဒါန်း၍ ထူးချွန်သာမဏေများနှင့် စာအောင်သာမဏေများအား မတ် ၁ရက်တွင် အောင်လက်မှတ်များ ဆက်ကပ်သွားမည်ဟု သိရသည်။ **(က-ပ)**

အပ်နှင်းထားသောဥပဒေပြုခွင့်အာဏာများအပြင် နောက်ထပ်မမျှော်မှန်းနိုင်သည့်ကိစ္စများပေါ်ပေါက်ခဲ့လျှင် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်၌သာအပ်နှင်းသင့်၍ အခြေခံမူချမှတ်သင့်

❒ *ကျောဖုံးမှ*

အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကိုကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၏ **'ပြည်ထောင်စုတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုမှုအာဏာခွဲဝေအပ်နှင်းရေး'** နှင့် **'ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုမှုအာဏာ'**နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြုစာရင်း လျာထားချက်များထဲမှ ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များအတွက် စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

ဥပဒေပြုခွင့်အာဏာအပ်နှင်းသင့်

၂၀၀၄ခုနှစ် မေလ ၂၁ ရက်နေ့မှာကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက "ယနေ့ ကမ္ဘာကြီးဟာ အဘက်ဘက်က နေ့စဉ်တိုးတက်ပြောင်းလဲနေသည်နှင့်အညီ မိမိတို့နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဖော်ပြပါလွှတ်တော်အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များကို အပ်နှင်းထားသည့် ဥပဒေပြုခွင့်အာဏာများအပြင်နောက်ထပ်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက် ဥပဒေပြုရန်လိုအပ်ကောင်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေမျိုး ပေါ်ပေါက်လာခဲ့လျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့် အာဏာအပ်နှင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့် အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်"ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း ရှင်းလင်း ပြောကြားသွားပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ယင်းရှင်းလင်းချက်နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ(၇)ပါတီအနက် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီက "ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြုနိုင်ရန်အတွက် ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသည့် အခြားကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းခြင်း၊ ပြည်ထောင်စုနယ်မြေများအတွက် ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းခြင်း အပိုင်းများကိုလေ့လာရာတွင်လည်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များသည် ပြီးပြည့်စုံ၍ သင့်လျော်မှုရှိတာကိုတွေ့ရပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က "ပြည်ထောင်စု တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်ဟူ၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေအတွက် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သော ဥပဒေကို ပြဋ္ဌာန်းပေးရမည်ဟု အသေးစိတ်အခြေခံရမည့်မူ အဖြစ် ချမှတ်သင့်ပါကြောင်း။

လက်ရှိတည်ဆဲဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှအတည်ဖြစ်သည်ဟူသော ရှင်းလင်းချက်များကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က" အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ပါရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုစသည့် အကြောင်းအရာများအပေါ် ဆွေးနွေးတင်ပြရန် မရှိပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "ဆက်လက်ဆွေးနွေးလိုသည်မှာ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေးကိစ္စနှင့် ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူဖြစ်သည့် 'ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့် အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်'ဟူ၍ ချမှတ်ထားသည်မှာ နောင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက် မမျှော်လင့်သည့်အချိန်တွင် ဥပဒေပြုဖို့ လိုအပ်လာကောင်း လိုအပ်နိုင်ပါမည်။ လိုအပ်လာသည့်အခါ အချိန်မီ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့် အာဏာ အပ်နှင်းသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များအဖွဲ့မှာ ပါဝင်သည့် ပြည်ထောင်စု ကရင် အမျိုးသားများ အဖွဲ့ချုပ်က "ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း ဖော်ပြချက်အပေါ် ထပ်မံအကြံပြုဆွေးနွေးရန်မရှိပါ။

ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ပြီးပြည့်စုံပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကို ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသောကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါကပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် ဖော်ပြချက်များအပေါ် ထပ်မံအကြံပြုရန်မရှိပါ"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သော ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ပါရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြု အာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု စသည့် အကြောင်းအရာများအပေါ် ဆွေးနွေးတင်ပြရန် မရှိပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "အမျိုးသားညီလာခံ၏ဦးတည်ချက်များတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီထွန်းကားရေးတည်းဟူသော အချက်တစ်ချက်ပါဝင်ပါတယ်။ မိမိတို့၏နိုင်ငံတော်သည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ဖြစ်သည့်အလျောက်အာဏာခွဲဝေမှုစနစ်ကျင့်သုံးရာတွင် ပြည်ထောင်စုအစိုးရ၏ အာဏာရပ်များခွဲဝေအပ်နှင်းထားသည်များရှိပြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ခွဲဝေအပ်နှင်းပေးထားသည့် အာဏာရပ်များလည်း ရှိပါကြောင်း၊ ယခုလာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ အမြင့်ဆုံးသော အချုပ်အခြာအာဏာများဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင့်ဆုံးသောပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှစ်ရပ်ပါရှိသည့် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည်ကို တွေ့ရှိရပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် အဘက်ဘက်က နေ့စဉ်ပြောင်းလဲတိုးတက်နေပါကြောင်း၊ မိမိတို့၏နိုင်ငံသည်လည်း အခြားသောနိုင်ငံများနည်းတူ ပြောင်းလဲတိုးတက်အောင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတော်ခေတ်မီတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသို့ ခွဲဝေအပ်နှင်းထားသည့် အာဏာရပ်များရှိပါကြောင်း၊ သို့ရာတွင် ဤသို့အပ်နှင်းထားသည့် ဥပဒေပြုခွင့်အာဏာများအပြင် နောက်ထပ်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက် ဥပဒေပြုရန်လိုအပ်သည့် အခြေအနေမျိုးပေါ်ပေါက်ခဲ့လျှင် ယင်းသီးခြားကိစ္စရပ်များအတွက် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းပေးရန် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်၌သာ အပ်နှင်းသင့်၍ အသေးစိတ် အခြေခံရမည့်မူချမှတ်သင့်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ရွေးချယ်ခံထားရသောကိုယ်စားလှယ်

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း၄၊စောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်

ယင်းအစုအဖွဲ့မှာ ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရှာင်မြို့နယ်မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်ဟု အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အတိုင်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သောတစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "ယနေ့ကမ္ဘာကြီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍပေါင်းစုံတွင် မြန်မြန်ဆန်ဆန်ပြောင်းလဲနေပါကြောင်း၊ နိုင်ငံအချင်းချင်းကူးလူးဆက်ဆံမှုများသည်လည်း ယခင်ကထက် ပိုမိုများပြားလာပါကြောင်း၊ ဤအချိန်တွင် မမျှော်လင့်ဘဲဖြစ်ရပ်များအခြေအနေများသည် နိုင်ငံတော်အတိုင်းအတာနှင့် ဖြစ်ပေါ်လာတတ်ပါကြောင်း၊ ဤသို့ဖြစ်ပေါ်လာခဲ့လျှင် အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် အဆင့်ဆင့်သော ဥပဒေပြုအဖွဲ့များ၏ ဥပဒေပြုစာရင်းမှာ မပါဝင်သေးသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားခြင်းသည် လျော်ကန်သင့်မြတ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က "ယနေ့ကမ္ဘာကြီးသည် အဘက်ဘက်က နေ့စဉ်တိုးတက်ပြောင်းလဲနေသည်နှင့်အညီ မိမိတို့နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဤသို့တိုးတက်အောင်ဆောင်ရွက်နိုင်ရန်အတွက် ဖော်ပြပါလွှတ်တော်အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များကိုအပ်နှင်းထားသည့် ဥပဒေပြုခွင့်အာဏာများအပြင် နောက်ထပ်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက် ဥပဒေပြုရန်လိုအပ်ကောင်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤအခြေအနေမျိုးပေါ်ပေါက်လာခဲ့လျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့်အာဏာအပ်နှင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသောအခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းသည်ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က အဘက်ဘက်က နေ့စဉ် ပြောင်းလဲတိုးတက်နေသော ကမ္ဘာကြီးတွင် အခြားနိုင်ငံများနည်းတူ မိမိတို့ နိုင်ငံအနေဖြင့်လည်း တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက်ဥပဒေပြုရန်လိုအပ်

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပြည်ထောင်စုနယ်မြေမှန်သမျှသည် ပြည်ထောင်စုကြီး၏ အတွင်းမှာသာရှိသည့် ပြည်ထောင်စု၏အစိတ်အပိုင်းဖြစ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှဥပဒေများသည် ပြည်ထောင်စုနယ်မြေများအပေါ် အာဏာသက်ရောက်ခြင်းသည်မှန်ကန်

စာမျက်နှာ ၅ မှ

ကောင်းလိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်ဟု အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က ''ယနေ့ကမ္ဘာကြီးသည် အဘက်ဘက်က နေ့စဉ်တိုးတက်ပြောင်းလဲနေသည်နှင့်အညီ မိမိတို့ နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဖော်ပြပါလွှတ်တော်အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များကို အပ်နှင်းထားသည့် ဥပဒေပြုခွင့် အာဏာများအပြင် နောက်ထပ်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက်ဥပဒေပြုရန်လိုအပ်ကောင်းလိုအပ်မည်ဖြစ်ကြောင်း၊ ယင်းအခြေအနေမျိုးပေါ်ပေါက်လာခဲ့လျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့်အာဏာအပ်နှင်းသင့်သည့်အတွက် 'ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်'ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က ''မိမိတို့ ယခုအမျိုးသားညီလာခံမှာ အချိန်ယူဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုစာရင်းမှာ မည်သည့်ဥပဒေအမျိုးအစားတွေပါဝင်သင့်သည်၊ ပြည်နယ်လွှတ်တော်သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်တွင် မည်သည့်ဥပဒေတွေပြုစေသင့်သည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များကိုမည်သည့်ဥပဒေပြုခွင့်အာဏာများအပ်နှင်းမည်ဟု အကြံပြုကြ၊ သဘောတူကြ၊ ဆုံးဖြတ်ကြပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် အားထုတ်နေကြသည်ဖြစ်ပါကြောင်း။

ယင်းသို့ ရေပက်မဝင်အောင်စဉ်းစားကြပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သော်လည်း နောင် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များ၊ ပြောင်းလဲလာသည့် ကာလဒေသ ပယောဂ အခြေအနေများအရ ဥပဒေပြုခွင့်အာဏာရပ် အသစ်အသစ်များသည် အချိန်အခါမရွေး ပေါ်ပေါက်လာနိုင်ပါကြောင်း၊ ယင်းသို့သောအခါမျိုးတွင် ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းလွှတ်တော်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥပဒေပြုစာရင်းများမှာ ဖော်ပြမထားသည့် အခြားကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေပြုရတော့မည်ဆိုလျှင် ယင်းကိစ္စရပ်များဆိုင်ရာ ဥပဒေပြုခွင့် အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသင့်ပါကြောင်း၊ ထို့ကြောင့် 'ပြည်ထောင်စု တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသောအခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်'ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း ထောက်ခံပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က ''အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်ပြီးစီးခဲ့ပြီးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများနှင့် ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအရ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအနေဖြင့် အခြေခံဥပဒေကအပ်နှင်းသည့် ဥပဒေပြုခွင့်အာဏာများရရှိလာကြမည် ဖြစ်ပါကြောင်း၊ သို့ရာတွင် ဤသို့ အခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုအာဏာများတွင် မပါရှိဘဲ ကြိုတင်မမျှော်မှန်း ထားသည့် ကိစ္စရပ်များအတွက် ဥပဒေပြုရန် လိုအပ်ကောင်း လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းအခြေအနေမျိုး ပေါ်ပေါက်လာခဲ့လျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စု လွှတ်တော်ကို ဥပဒေပြုခွင့်အာဏာ အပ်နှင်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ''၁၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြု စာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး။ အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်တို့ကို မိမိတို့အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၀၅ ဦးလုံးက အားလုံး သဘောတူထောက်ခံကြပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းသည့် လျာထားချက်ကဏ္ဍများအနက်မှ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းပေးရေးအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

တိုက်ရိုက်ထားရှိ

၂၀၀၄ခုနှစ် မေလ ၂၁ရက်နေ့မှာ ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ''အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် 'နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း' အတွက် ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့်မူများထဲတွင် 'နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်'ဟုလည်းကောင်း၊ နိုင်ငံတော်ကို တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ်(၇)ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်သည်'ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ချမှတ်ထားပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ နယ်မြေဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်ပါက ယင်းပြည်ထောင်စုနယ်မြေ၏အုပ်ချုပ်မှုအာဏာနှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေအရတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏အုပ်ချုပ်မှုအောက်တွင် မထားရှိဘဲ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိမှာဖြစ်ပါကြောင်း။

ထိုကဲ့သို့ ထူးခြားသည့်အခြေအနေအရပ်ရပ်ကြောင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်မှာဖြစ်သော်လည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေများဟာ ပြည်ထောင်စုအတွင်းမှာပဲ တည်ရှိနေသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့်အာဏာခွဲဝေပေးသည့် ကိစ္စများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှသော ဥပဒေများသည် ပြည်ထောင်စုနယ်မြေများအပေါ်မှာလည်း အာဏာသက်ရောက်မှာဖြစ်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် ပြည်ထောင်စုနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိဘဲ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းသည့် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်မှာသာ ပြည်ထောင်စုနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့်အတွက်ကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြဋ္ဌာန်းခွင့်ပေးထားသည့်ကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုဖို့လိုအပ်လာပါက ယင်းဥပဒေပြုခွင့်ကို ပြည်ထောင်စုလွှတ်တော်အား အပ်နှင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် 'တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့် အပ်နှင်းထားသောကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက်ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်'ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်မသင့် အကြံပြုကြပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း''ကို ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ''ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြုနိုင်ရေးအတွက်–

- ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသည့် အခြားကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေပြု အာဏာခွဲဝေအပ်နှင်းခြင်း၊
- ပြည်ထောင်စုနယ်မြေများအတွက် ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းခြင်း၊

အပိုင်းများကို လေ့လာရာတွင်လည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များသည် ပြီးပြည့်စုံ၍ သင့်လျော်မှုရှိသည်ကို တွေ့ရပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်သည့် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က ''ပြည်ထောင်စုနယ်မြေအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကိုပြဋ္ဌာန်းပေးရမည်ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က မိမိတို့ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့အနေဖြင့် ဆက်လက်တင်ပြလိုသည်မှာ ''အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့် အာဏာအပါအဝင် ကျန်ရှင်းလင်းတင်ပြသည့်ကိစ္စရပ်များသည် ပြီးပြည့်စုံမှုရှိသည့်အတွက် မိမိတို့အဖွဲ့အနေဖြင့် ဆွေးနွေးရန်မရှိပါကြောင်း''ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ''ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာသတ်မှတ်ပေးခြင်းကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စု နယ်မြေသည် နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာရှိပါကြောင်း၊ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေများသည် ပြည်ထောင်စု အတွင်းမှာပင် တည်ရှိနေသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြု ခွင့်အာဏာခွဲဝေပေးသည့်ကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှသောဥပဒေများသည် ပြည်ထောင်စုနယ်မြေများအပေါ်မှာလည်း အာဏာသက်ရောက်နိုင်ရန် လိုအပ်သည့်အတွက်ကြောင့် အသေးစိတ်အခြေခံရမည့်မူဖြစ်သည့် 'တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ၊ ဥပဒေပြုခွင့်အပ်နှင်းထားသောကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်'လို့ ချပြထားတာဟာ သဘာဝကျ ဆီလျော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်က ''ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့် အာဏာနှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ပြီးပြည့်စုံပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် 'တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသောကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကိုပြဋ္ဌာန်းပေးရမည်ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်ရန် ဖော်ပြချက်များအပေါ် ထပ်မံအကြံပြုရန်မရှိပါ''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ''အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များကပြဋ္ဌာန်းသည့် ဥပဒေများ၏အကျိုးသက်ရောက်မှုစသည့် အကြောင်းအရာများအပေါ် ဆွေးနွေးတင်ပြရန်မရှိပါကြောင်း တင်ပြအပ်ပါသည်''ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ် အစုအဖွဲ့တွင်ပါဝင်သော 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ''တိုင်းရင်းသားလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုအာဏာအပ်နှင်းထားသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော် ကလိုအပ်သည့်ဥပဒေကို ပြဋ္ဌာန်းပေးရန် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း''ကို ဆွေးနွေးတင်ပြသွားပါကြောင်း။

ရွေးချယ်ခံထားရသော ကိုယ်စားလှယ်

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်အများစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးအဖွဲ့ဝင်ငါးဦးတို့၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့် မူများချမှတ် နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် သဘောထားတင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးအဖွဲ့ဝင်ငါးဦးတို့ တက်ရောက်ကြသည်။

ဆောင်ရွက်

ညှိနှိုင်းဆွေးနွေးပွဲတွင် သဘာတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်၊ ဧရာဝတီတိုင်းမှ ဦးကြည်တင့်၊ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိစစ်ကိုင်းတိုင်းမှ ဦးကံညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စာတမ်းပြုစုရေးအဖွဲ့ ခေါင်းဆောင် စစ်ကိုင်းတိုင်းမှ ဦးချစ်သန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပ ရေးလုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်း၍ စာတမ်းပြုစုရေးအဖွဲ့၏ အကြံပြုချက်များကို ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဦးညဏ်ဝင်း ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မိုဟာမက် ဆာဘားအယ်လ်ဆာလမ်အယ်လ်ဆားဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရှင်သာမဏေ ဓမ္မဗိမာန်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် မတ် ၂ရက်မှ ၈ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲ အထိလည်းကောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရေပေါက်ဝရပ် ကျုံးပြင်ကွင်းရှိ ဓမ္မသဘင်မဏ္ဍပ်အတွင်း၌ မတ် ၁၁ရက်မှ ၁၇ရက်အထိ ည ၇ နာရီမှ ၉နာရီအထိ ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၆ မှ

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာ မူထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "ထို့အတူ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုရေးအာဏာအပ်နှင်းရေးနှင့်ပတ်သက်၍လည်း အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ပါကြောင်းနှင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသောဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍လည်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ် အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှဦးသိမ်းကြည်၊မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့ နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာနှင့်ပတ်သက်၍ အကြံပြုတင်ပြရန်မရှိပါကြောင်း ပြီးပြည့်စုံပြီးဖြစ်သည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန် မရှိပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က "ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုခွင့် အာဏာနှင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကဏ္ဍနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်မှာ ပြီးပြည့်စုံပြီး ဖြစ်သဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး-

(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေ ရှိသည့်နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်။

ယင်းချမှတ်ထားပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ နယ်မြေဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်ပါက ယင်းပြည်ထောင်စုနယ်မြေ၏ အုပ်ချုပ်မှုအာဏာနှင့် စပ်လျဉ်းပြီး ထူးခြားသောအခြေအနေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်မှုအောက်တွင် မထားရှိဘဲ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိမှာဖြစ်ပါကြောင်း။

ယင်းကဲ့သို့ ထူးခြားသည့် အခြေအနေအရပ်ရပ်ကြောင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်မှာဖြစ်သော်လည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေများသည် ပြည်ထောင်စုအတွင်းမှာပဲ တည်ရှိနေသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုခွင့်အာဏာ ခွဲဝေပေးသည့် ကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်း သမျှသော ဥပဒေများသည် ပြည်ထောင်စုနယ်မြေများအပေါ်မှာလည်း အာဏာ သက်ရောက်မှာဖြစ်ပါသည်"ဟု ထောက်ခံဆွေးနွေးတင်ပြသွားပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "ချမှတ်ထားပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ နယ်မြေဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်လိုက်ပါက ယင်းပြည်ထောင်စုနယ်မြေ၏ အုပ်ချုပ်မှုအာဏာနှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်မှုအောက်မှာ မထားရှိဘဲ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိမှာဖြစ်ပါကြောင်း၊ ယင်းနယ်မြေများသည် ပြည်ထောင်စုနယ်မြေအတွင်းမှာရှိသည့်အတွက် ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများသည် ပြည်ထောင်စုနယ်မြေများပေါ်မှာလည်း အာဏာသက်ရောက်မှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသော ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သော ဥပဒေကို ပြဋ္ဌာန်းပေးရမည်ဟု အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အလုပ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့်အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ က"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကိုဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းခွင့်ပေးထားသည့် ကိစ္စများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုဖို့ လိုအပ်လာပါက ယင်းဥပဒေပြုခွင့်ကို ပြည်ထောင်စုလွှတ်တော်အား အပ်နှင်းသင့်သည့်အတွက် 'တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသောကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက်ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သောဥပဒေကို ပြဋ္ဌာန်းပေးရမည်'ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

အသိပညာရှင်၊အတတ်ပညာရှင်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က "ထူးခြားသည့် အခြေအနေများကြောင့် ပြည်ထောင်စုနယ်မြေသတ်မှတ်ပြီးသည့်အခါ ယင်းဒေသသည် မည်သည့်ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၏ အုပ်ချုပ်မှု အောက်မှာ မထားဘဲနိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာထားရှိမှာဖြစ်ပါကြောင်း၊ သို့သော်လည်း ယင်းပြည်ထောင်စုနယ်မြေမှန်သမျှသည် ပြည်ထောင်စုကြီး၏ အတွင်းမှာသာရှိသည့် ပြည်ထောင်စု၏အစိတ်အပိုင်းဖြစ်ခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှ ဥပဒေများသည် ပြည်ထောင်စုနယ်မြေများအပေါ်မှာလည်း အာဏာသက်ရောက်ခြင်းသည် မှန်ကန်ပြီး သဘာဝကျပါကြောင်း၊ ထို့ကြောင့် 'တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသော ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်ကလိုအပ်သောဥပဒေကိုပြဋ္ဌာန်းပေးရမည်'ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် 'နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်'ဟု ဖော်ပြထားကြောင်း တွေ့ရှိရပါကြောင်း။

ထို့အပြင်ပြည်ထောင်စုနယ်မြေများ သတ်မှတ်ရာမှာလည်း 'ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်'တို့ကို နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိရန် သတ်မှတ်ခဲ့ပါတယ်။ ထူးခြားတဲ့အခြေအနေရှိသည့် နယ်မြေများကိုလည်း ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် ဖော်ပြထားပါကြောင်း၊ 'နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီးထူးခြားသည့်အခြေအနေရှိသည့် နယ်မြေ'များကိုလည်းပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်ကြောင်း အခြေခံမူများတွင် ထည့်သွင်းချမှတ်ထားပါကြောင်း၊ ထို့ကြောင့် အဆိုပါ ပြည်ထောင်စုနယ်မြေများအတွက်ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါကပြည်ထောင်စုလွှတ်တော်ကသာ လိုအပ်သောဥပဒေကိုပြဋ္ဌာန်းပေးသင့်ကြောင်းအကြံပြုတင်ပြအပ်ပါကြောင်း" ကို ဆွေးနွေးတင်ပြသွားပါကြောင်း။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က "၁၄။ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ။ ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်တို့ကို မိမိတို့အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၀၅ ဦးလုံးက အားလုံးသဘောတူ ထောက်ခံကြပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်းဖြင့် ကောက်နုတ်တင်ပြသွားသည်။

ဖေဖော်ဝါရီ၂၆ ရက်ထုတ် သတင်းစာများ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၏ **'လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု'** နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ဆည်အတွင်း ရေဝေရေလဲဒေသများ၌ စီမံချက်ချပြီး သစ်ပင်အသစ်များ ဖိဖိစီးစီးစိုက်ပျိုး ဆည်ရေမည်မျှဝင်သည်ကို အသေးစိတ်မှတ်တမ်းမှတ်ရာများထားပြီး လေ့လာစိစစ်

အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေအပြည့်အဝရရှိရေးအတွက် တမံနှင့်ဆက်စပ်လျက်ရှိသည့် ဝန်းသို၊ ပင်လည်ဘူး၊ ကောလင်းဒေသတို့၏ ရေဝေရေလဲသစ်တောစိုက်ခင်းများကို ပြုစုပျိုးထောင် ထိန်းသိမ်းစိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်ကလည်း ရေဝေရေလဲဒေသများ၌ သစ်တောများထိန်းသိမ်းမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း စစ်ကိုင်းတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်ဝင်းက သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံ ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံ ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ဖေဖော်ဝါရီ ၂၃ ရက်နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

မန္တလေးမှကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တရားရုံးချုပ်(မန္တလေး)မှဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

သဖန်းဆိပ်ရောက်ရှိ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက သဖန်းဆိပ်ရေလှောင်တမံတည်ဆောက်ပြီးစီးခဲ့မှု၊ ဒေသ၏မိုးရွာသွန်းမှုနှင့် တမံအတွင်း ရေသိုလှောင်ထားရှိနိုင်မှု၊ မိုးစပါး၊ နွေစပါးနှင့်အခြားသီးနှံများအတွက် ရေပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ပြီးခဲ့သည့် ၂၀၀၄ခုနှစ် ခရီးစဉ်ညွှန်ကြားချက်များအရ ရေလှောင်တမံ ရေရှည်တည်တံ့ရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ တမံအတွင်း ရေဝင်မှုအခြေအနေများ၊ ရေဝေရေလဲဒေသများ၌ နှစ်အလိုက် မိုးရွာသွန်းမှုအနေအထားများ၊ တမံပတ်ဝန်းကျင် သစ်တောသစ်ပင်မပြုန်းတီးရေးနှင့် မီးဘေးကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက သဖန်းဆိပ်ရေလှောင်တမံမှရေဖြင့် သီးနှံစိုက်ဧက ရှစ်သိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဧကတစ်သန်း

ဆည်အတွင်း ရေဝေရေလဲဒေသများ၌ သစ်ပင်များထိန်းသိမ်း သစ်တောပြုစုပျိုးထောင် ထိန်းသိမ်းခြင်း စနစ်တကျဆောင်ရွက်

- ❐ သဖန်းဆိပ်ရေလှောင်တမံကြီးတည်ဆောက်ခဲ့စဉ် တွက်ချက်ခန့်မှန်းထားသော ရေသောက်ဧရိယာအတိုင်း စိုက်ပျိုးရေ ပေးဝေနိုင်ရန် လိုအပ်၊
- ❐ ဆည်အတွင်းနှစ်စဉ်ရေဝင်ကောင်းစေရန် ရေဝေရေလဲဒေသများ၌ သစ်တောသစ်ပင်များကို ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ သစ်ပင်အသစ်စိုက်ပျိုးမှုကို စီမံချက်ချ ဖိဖိစီးစီးလုပ်ဆောင်၊
- ❐ မည်သည့်ဒေသ၊ မည်သည့်မြို့နယ်များ၌ မိုးအားကောင်းလျှင် ဆည်ရေမည်မျှဝင်သည်ကို အသေးစိတ် မှတ်တမ်းမှတ်ရာများထား၍ လေ့လာစိစစ်၊
- ❐ တည်ဆဲသစ်တောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သစ်တောပြုစု ပျိုးထောင် ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျဆောင်ရွက်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကန့်ဘလူမြို့နယ် စံပယ်နံ့သာကျွန်းအထူးစိုက်ခင်းရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ကျွန်းစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆည်အတွင်း နှစ်စဉ်ရေဝင်ကောင်းစေရန် ရေဝေရေလဲဒေသများ၌ သစ်တောသစ်ပင်များကိုထိန်းသိမ်းရန်လိုအပ်သကဲ့သို့ သစ်ပင်အသစ်စိုက်ပျိုးမှုကိုလည်း စီမံချက်ချ၍ ဖိဖိစီးစီးလုပ်ဆောင်ရန် လိုကြောင်း။

လေ့လာစိစစ်

မည်သည့်ဒေသ၊ မည်သည့်မြို့နယ်များ၌ မိုးအားကောင်းလျှင် ဆည်ရေမည်မျှဝင်သည်ကို အသေးစိတ် မှတ်တမ်းမှတ်ရာများထား၍ လေ့လာစိစစ်သွားရမှာ ဖြစ်ကြောင်း။

ဆည်အတွင်း ရေဝင်ကောင်းပြီး ရေသိုလှောင်မှု အားကောင်းနေပါက စိုက်ပျိုးရေကို မျှော်မှန်းထားသည့်အတိုင်း ပေးဝေနိုင်မှာဖြစ်သကဲ့သို့ ရေအားလျှပ်စစ်ကိုလည်း အပြည့်အဝ ထုတ်သွားနိုင်မှာဖြစ်ကြောင်း။

အသေးစိတ်ညှိနှိုင်း

သို့မှသာ ဤရေလှောင်တမံကြီးတည်ဆောက်ရခြင်း၏ ရည်မှန်းချက်များကို အပြည့်အဝရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်သည်ဟု ဆိုရမှာဖြစ်၍ ရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးနှင့်ဆည်ရေကို အပြည့်အဝအသုံးချနိုင်ရေးအတွက် လိုအပ်သည်များကို အသေးစိတ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြပြီး ထိန်းချုပ်ခန်းကိုလည်းကောင်း၊ ဓာတ်အားပေးတာဘိုင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တမံအတွင်း ရေသိုလှောင်ထားနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တင်ဝင်းထွန်းကုမ္ပဏီ ကျွန်းအထူးစိုက်ခင်း ရှင်းလင်းဆောင်ရှေ့၌ ကျွန်းပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရည်မှန်းချက်ပြည့်မီရေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် သဖန်းဆိပ်ရေလှောင်တမံကြီး တည်ဆောက်ခဲ့စဉ်က တွက်ချက် ခန့်မှန်းထားသော ရေသောက်ဧရိယာအတိုင်း စိုက်ပျိုးရေပေးဝေနိုင်ရန် လိုအပ်ကြောင်း၊ အကယ်၍ မူလတွက်ချက်ခဲ့သည့် ဧရိယာဧကအတိုင်း ရေမပေးနိုင်ပါက မည်သည့်အကြောင်းကြောင့် ရေမပေးနိုင်သည်ကို သုံးသပ် အဖြေရှာ၍ ရည်မှန်းချက်အတိုင်းပြည့်မီအောင် ကြိုးစားကြရမှာဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး တည်ဆောက်ထားသည့် သဖန်းဆိပ်ရေလှောင်တမံ ရေပိုလွှဲကိုတွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ပင်မရေပိုလွှဲကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

မြေသားတမံ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး တည်ဆောက်ခဲ့သည့် သဖန်းဆိပ်ရေလှောင်တမံကို ၂၀၀၁ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ တမံအလျား ၂၂၅၈၇ ပေ၊ တမံအမြင့် ၁၀၈ပေရှိသည့် မြေသားတမံအမျိုးအစားဖြစ်သည်။

သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၂ခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ၁၀မဂ္ဂါဝပ်ရှိ စက်သုံးလုံးတပ်ဆင်ထားပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၃၀ထုတ်လွှတ်ပေးလျက်ရှိသည်။

လျှပ်စစ်ဓာတ်အားထုတ်နိုင်

သဖန်းဆိပ်ရေလှောင်တမံမှာ ရေဧကပေ ၂၈သိန်း သိုလှောင်အားရှိပြီး ယခုအချိန်၌ လက်ကျန်ရေဧကပေ ၂၄သိန်းကျော်ရှိသဖြင့် နွေစပါးစိုက်ပျိုးရေးအတွက် ရေအလုံအလောက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အားကိုလည်း အပြည့်အဝ ထုတ်လုပ်နိုင်အားရှိကြောင်း တွေ့ရှိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် ကန့်ဘလူမြို့နယ်ရှိ ကျေးပင်အက်ရေလှောင်တမံသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

25-2 (09).p65 2 3/26/05, 1:42 PM

လွတ်လပ်ရေး၏ အရသာ

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများသည် ဥရောပနယ်ချဲ့တို့၏ လက်အောက်ခံများ ဖြစ်ခဲ့ကြရသည်။ ထိုသို့ လက်အောက်ခံများ ဖြစ်သွားသည်နှင့် ထိုနိုင်ငံများသည် လွတ်လပ်ရေးကို လက်လွှတ်ဆုံးရှုံးသွားရပြီ ဖြစ်သည်။ လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်း ဆုံးရှုံးသွားသောအရာမှာ သိက္ခာဖြစ်သည်။ မိမိတို့ ဘိုးဘေးစဉ်ဆက် ပိုင်ဆိုင်ခဲ့သော မြေကိုသာမက မြေပေါ်မြေအောက်ရှိ မိမိတို့ပိုင်ဆိုင်ခွင့်ရှိသော သယံဇာတများကိုလည်း လက်လွှတ်လိုက်ရသည်။ အထူးသဖြင့် လွတ်လပ်သော၊ အစဉ်အလာရှိသော၊ သိက္ခာကြီးမားသော လူမျိုးများအဖြစ်မှ သက်ဆင်းလျှောကျကာ သူတစ်ပါးတို့၏ အလိုကျ နေထိုင်ကြရသည်။ အချို့သောနိုင်ငံများသည် သူတို့မြေကို နယ်ချဲ့များက သိမ်းယူခြင်းမခံရသော်လည်း စီးပွားရေးအရ၊ နိုင်ငံရေးအရ သူတစ်ပါးစိတ်ကြိုက် နေခဲ့ကြရသည်။

ထိုသို့ မလွတ်လပ်သောသူများ ဖြစ်ခဲ့စဉ်က ထားရာနေ စေရာသွားခဲ့ကြသည်။ မည်သည့်အချိန်ကမျှ မြန်မာသည် အိန္ဒိယ၏ နယ်တစ်နယ်ဘဝသို့ မရောက်ခဲ့ပေ။ သို့သော် ဗြိတိသျှတို့က အိန္ဒိယနှင့် မြန်မာကို ကျူးကျော်သိမ်းပိုက်ပြီးနောက် မြန်မာကို အိန္ဒိယ၏ နယ်တစ်နယ်အဖြစ် သတ်မှတ်ခြင်းကိုပင် ခံခဲ့ရသည်။ မြန်မာ့လူသန်ကြီး ဦးဇော်ဝိတ်သည် အလေးမပြိုင်ပွဲကို ဝင်ရောက်နိုင်ရန် အိန္ဒိယသားတစ်ဦးကဲ့သို့ ပေါင်းထုပ်ဆောင်းကာ ဗြိတိသျှလက်အောက်ခံတစ်ယောက်အဖြစ် ယူနီယံဂျက် အလံအောက်တွင် နေရာယူခဲ့ရဖူးသည်။

မြန်မာတိုင်းရင်းသားများသည် ညီနောင်အချင်းချင်းသွေးကွဲအောင် ခွဲခြားအုပ်ချုပ်ခြင်းကိုလည်း ခံခဲ့ရသည်။ မြန်မာ၏အကြောင်းကို ပြောနေသော်လည်း အာရှ–အာဖရိကရှိ ကိုလိုနီဖြစ်ဖူးသော နိုင်ငံတိုင်းခံစားခဲ့ရသော ဖြစ်ရပ်များဖြစ်သည်ကို နားလည်စေချင်သည်။

မြန်မာတိုင်းရင်းသားများသည် မိမိတို့ကို ကျွန်ဇာတ်သွင်းရန် လာရောက်တိုက်ခိုက်ကြသော နယ်ချဲ့များကိုအသက်ပေးကာ အားသွန်တိုက်ခိုက်ခဲ့သော်လည်း နယ်ချဲ့ရန်ဦးတည်ချက်ဖြင့် လက်နက်ထုတ်လုပ်ရာတွင် အသာစီးရရန် ကြိုးပမ်းခဲ့ကြသော သူများကို အရေးနိမ့်ခဲ့ကြရသည်။ ထို့သို့ အရေးနိမ့်ခဲ့သည်ဆိုရာတွင် လွယ်လွယ်ကူကူဖြင့် အရှုံးပေးခဲ့ကြသည် မဟုတ်ပေ။ အသက်ပေါင်းများစွာ စတေးကာ ခုခံတိုက်ခိုက်ပြီးမှ တပ်များကို ဆုတ်ပေးရခြင်းဖြစ်သည်။

မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ်အထိ ပထမအကြိမ်၊ ၁၈၅၂ ခုနှစ်မှ ၁၈၅၃ ခုနှစ်အထိ ဒုတိယအကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြရသည်။ ထိုသို့ အားမတန်၍ နောက်ဆုတ်ပေးလိုက်ရသည့်တိုင် အထက်မြန်မာနိုင်ငံကို သိမ်းပြီးသည့်နောက် ၁၀ နှစ်ခန့်ကြာသည့်တိုင်အောင် ဗြိတိသျှတို့သည် အုပ်ချုပ်ရေးကို ကောင်းစွာ အခြေမချနိုင်ခဲ့ပေ။ သပ်လျှိုခြင်း၊ မူလကရှိခဲ့သော စည်းလုံးမှုကိုပြိုကွဲအောင် ပရိယာယ်အမျိုးမျိုးသုံးခြင်း စသည့်နည်းတို့ဖြင့် ဗြိတိသျှတို့က ကြိုးစားကာ မြန်မာနိုင်ငံသားအချင်းချင်း သွေးကွဲစေပြီးမှ သူတို့၏အုပ်ချုပ်ရေးကို အခြေချနိုင်ခဲ့သည်။

လွတ်လပ်ရေးနှင့်ပတ်သက်၍ အယူမှား၊ အကောက်မှားနေသောသူများသည် လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေရမှ လွတ်လပ်သည်ဟု ယူဆတတ်ကြသည်။ မိမိ၏ လွတ်လပ်ရေးသည် သူတစ်ပါး၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ထိပါးသည်ဟုဆိုလျှင် လွတ်လပ်ရေးဟု မဆိုနိုင်ပေ။ တရားမဲ့ခြင်းသာ ဖြစ်သည်။

မြန်မာနိုင်ငံသားတို့သည် ပထမကျူးကျော်စစ် ပြီးသည့်အချိန်ကစ၍ နယ်ချဲ့များကို တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့၏အုပ်ချုပ်ရေး အခြေချပြီးသည့်အချိန်တွင် လက်နက်ကိုင်တော်လှန်ရေး မဆင်နွှဲနိုင်သည့်တိုင် မိမိတို့ အမျိုးဘာသာ၊ သာသနာဂုဏ်ရောင်မညှိုးအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သည်။ မြန်မာ့သမိုင်းကို သေသေချာချာလေ့လာပါက တစ်နှစ်မျှ၊ တစ်လမျှ၊ တစ်ရက်မျှ မပြတ်မလပ်ဘဲ မိမိတို့၏သိက္ခာကို တင်းတင်းရင်းရင်း စောင့်ရှောက်ခြင်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးစားခဲ့ကြသည်။

လွတ်လပ်သည့်အချိန်တွင် မြန်မာတို့သည် မိမိတို့၏သိက္ခာကို ပြန်လည်ရရှိခဲ့ကြသည်။ ပြည်ပနိုင်ငံများနှင့်လည်း လွတ်လပ်သောနိုင်ငံများအဖြစ် တန်းတူရည်တူ ဆက်ဆံနိုင်ခဲ့ကြသည်။ မြန်မာတို့သည် မိမိတို့၏အလံတော်အောက်တွင် လွတ်လပ်သူများအဖြစ် ဝင့်ထည်စွာ နေထိုင်လှုပ်ရှားနိုင်ပြီ ဖြစ်သည်။ လွတ်လပ်သောလူမျိုးမှသာ ရနိုင်သော သိက္ခာကိုလည်း ပြန်လည်ရရှိခဲ့ကြပြီဖြစ်သည်။ ပြည်တွင်းမှာဖြစ်စေ၊ ပြည်ပမှာဖြစ်စေ လွတ်လပ်သော နိုင်ငံသားများသာ ရရှိနိုင်သော တရားဥပဒေ၏ အကာအကွယ်ကို ရရှိနိုင်ပြီဖြစ်သည်။

လွတ်လပ်ရေးနှင့်ပတ်သက်၍ အယူမှား၊ အကောက်မှားနေသော သူများသည် လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေရမှ လွတ်လပ်သည်ဟု ယူဆတတ်ကြသည်။ မိမိ၏လွတ်လပ်ရေးသည် သူတစ်ပါး၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ထိပါးသည်ဟုဆိုလျှင် လွတ်လပ်ရေးဟု မဆိုနိုင်ပေ။ တရားမဲ့ခြင်းသာ ဖြစ်သည်။

လွတ်လပ်သောနိုင်ငံတိုင်း၌ မိမိတို့ ဓလေ့စရိုက်နှင့် ကိုက်ညီသော တရားဥပဒေများ ပြဋ္ဌာန်းထားကြသည်။ တရားဥပဒေဘောင် အတွင်းတွင် လူတိုင်း နေထိုင်ကြမှ လူတိုင်းသည် ရသင့်ရထိုက်သော အခွင့်အရေးများကို သာတူညီမျှ ရကြမည်ဖြစ်သည်။ တစ်ဦးဦး၏ လုပ်ဆောင်မှုက အစွန်းထွက်နေလျှင် ကျန်သည့်သူများမှာ ထိခိုက်ကြတော့မည် ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံသားတိုင်းသည် လွတ်လပ်သည်ဟုဆိုတိုင်း မိမိတို့တစ်ဦးတည်း၏ အကျိုးအခွင့်ကိုသာ ကြည့်၍ နေထိုင်ဆောင်ရွက်ခြင်း မပြုသင့်ပေ။ တစ်ဦးတည်း၏ အကျိုးအခွင့်ကို စိတ်ကြိုက်မယူနိုင်သဖြင့် အချုပ်အနှောင်များသည်၊ မလွတ်လပ်ဟု ယူဆပါက ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဟု ဆိုရမည့်အနေသို့ ရောက်နေပြီဖြစ်ရာ ကမ္ဘာအနှံ့ ခြေဆန့်၍သာ ကြည့်ပါလေ။ မည်သည့်နေရာမှာမှ တစ်ဦးတည်း စိတ်ကြိုက်နေ၍ မရနိုင်သည့်အကြောင်းကို သိနားလည်လာပါလိမ့်မည်။ တိုးတက်ဖွံ့ဖြိုးသောနိုင်ငံများတွင် တင်းကျပ်သော စည်းကမ်းသတ်မှတ်ချက်များ ရှိတတ်ကြသည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား၍ မရပေ။ စည်းကမ်းမလိုက်နာသော သူများကိုလည်း ပြင်းထန်သောအပြစ်ဒဏ်များ ချမှတ်လေ့ရှိသည့် နိုင်ငံများ ရှိပါသည်။

လူအချို့က ကြွယ်ဝသောနိုင်ငံများမှ လူများသည် သက်သောင့်သက်သာ နေထိုင်ရသည်။ အလုပ်မပင်ပန်းဟု ထင်တတ်ကြသည်။ ထိုအထင်သည် မမှန်ကန်ကြောင်း သူတို့၏ဒေသသို့ ရောက်သူတိုင်း ကောင်းစွာသိနားလည်ကြသည်။ မရောက်ဖူးသည့် သူများသည်လည်း စာပေများမှတစ်ဆင့်၊ ရုပ်ရှင်များမှတစ်ဆင့် သိနိုင်ကြပါသည်။ ထိုနိုင်ငံများတွင် လူတိုင်းလူတိုင်းသည် အပြိုင်အဆိုင်အင်အားထုတ်ကာ အလုပ်လုပ်နိုင်မှသာ ပြည့်စုံသောဘဝကို ရနိုင်ကြသည်။ အခွန်အတုတ်များကို ကြီးလေးစွာ ဆောင်ကြရသည်။ ထိုသို့ဆို၍ ထိုနိုင်ငံများကို ဆင်းရဲသည်ဟု မဆိုလိုပါ။ ထိုစကားကို ကြားဖြတ်၍ ပြောရသည်မှာ စည်းကမ်းကြီးကြီးဖြင့် မနေထိုင်ဘဲ၊ ကြိုးစားအားထုတ်ခြင်း မရှိဘဲ မည်သည့်နိုင်ငံမျှ တိုးတက်ထွန်းကားခြင်းမရှိနိုင်သည့် အကြောင်းကို ပြောလို၍ ဖြစ်ပါသည်။

နယ်ချဲ့တို့၏လက်အောက်သို့ ကျရောက်ဖူးသည့် နိုင်ငံတိုင်းတွင် နယ်ချဲ့များထားခဲ့သည့် ရောဂါများ ကျန်ရှိနေတတ်သည်။ ထိုရောဂါများတွင် အချင်းချင်း အထင်အမြင်လွဲမှားကာ ပြည်တွင်းစစ်ဖြစ်ကြခြင်းသည် အဆိုးရွားဆုံး ရောဂါလက္ခဏာများ ဖြစ်သည်။ အပေါ်ယံကြော ရှုမြင်တတ်သော သူတို့သည် လွတ်လပ်သည်နှင့် အချင်းချင်းကွဲကြသည့်ကိစ္စကို မိမိတို့၏ တိုင်းသူပြည်သားများ ညံ့၍ဖြစ်ကြရသည်ဟု ကောက်ချက် အချမှားတတ်သည်။ အမှန်မှာ နယ်ချဲ့က စနစ်တကျ စီမံချန်ထားခဲ့သော ဆိုးမွေကိုခံစားရခြင်းသာ ဖြစ်သည်။ အချို့သောနိုင်ငံများတွင် ရင်ဆိုင်ရသော ပြဿနာမှာ ပို၍ပင် ဆိုးပါသေးသည်။ ထိုနိုင်ငံများသည် နှစ်ခြမ်း၊ သုံးခြမ်းကွဲသွားသည်။ မပြီးဆုံးသေးသော နယ်စပ်ပြဿနာများကြောင့် တိုက်ခိုက်မှုများ တရစပ်ဖြစ်ပွားနေရသေးသည်။

လွတ်လပ်ခြင်းသည် လူတိုင်းအတွက် တန်ဖိုးအကြီးဆုံး သိက္ခာရှိခြင်းနှင့် ညီမျှကိန်းဆွဲနိုင်သည်။ တန်ကြေးကြီးသည်။ လွတ်လပ်ရေးဆုံးရှုံးစဉ်က ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ပျက်စီးသွားသည့်အစဉ်အလာကောင်းများကို ပြန်လည်တည်ဆောက်ရခြင်းသည်လည်း လွတ်လပ်ရေးရအောင် ကြိုးပမ်းရခြင်းနှင့် တန်းတူ ပင်ပန်းခက်ခဲသည်။ ထိုသို့ ပင်ပန်းခက်ခဲသော အလုပ်များကို လူတိုင်းက တစ်နိုင်တစ်ပိုင် တာဝန်ယူလုပ်ဆောင်ကြပါက အလျင်အမြန် တိုးတက်အောင်မြင်မည် ဖြစ်သည်။ သို့မှသာ လွတ်လပ်ခြင်း၏အရသာကို အေးချမ်းစွာ၊ မြိန်ယှက်စွာ သုံးစားနိုင်ကြမည် ဖြစ်သည်။

လွတ်လပ်ခြင်းနှင့်အတူ ကြွယ်ဝပြည့်စုံခြင်း၊ နိုင်ငံအများ၏ ခံ့ညားလေးစားခြင်းတို့ကို ခံယူနိုင်ရန်မှာ များစွာကြိုးစားရပါဦးမည်။ ငယ်ရွယ်သူများသည် ပညာတတ်များဖြစ်လာရန် ကြိုးစားရပါမည်။ စာတတ်မြောက်ရုံ၊ အတန်းရရုံ၊ ဘွဲ့ရရုံဖြင့် ကမ္ဘာ့အလယ်တွင် တန်းတူရည်တူ ထွန်းကားနိုင်သော သူများ ဖြစ်မလာနိုင်ပါ။ အသိပညာများ၊ အတတ်ပညာများ၊ နည်းပညာများကို အမှန်တကယ် တတ်မြောက်အောင် စာသင်ပေးသူများကလည်း ကြိုးစားရပါမည်။ စာသင်သားများကလည်း ကြိုးစားရပါမည်။ ထိုသို့သော ရလဒ်ကောင်းများ ရရှိရန်မှာ လူတိုင်းလူတိုင်းက မိမိ၏တာဝန်ကို မိမိသိကာ ဝီရိယကို အထွတ်တင်၍ ကြိုးစားမှသာ အောင်မြင်နိုင်မည် ဖြစ်သည်။ ထိုသို့ နိုင်ငံတွင် ပညာတတ်များ အရေအတွက် တိုးပွားလာသည့်အချိန်တွင် မိမိတို့နိုင်ငံ၏ သယံဇာတများကို လူ့အဖိုးတန်များ၏ စိတ်အား၊ ဉာဏ်အား၊ ဝီရိယအားများဖြင့် ပေါင်းစပ်ကာ မြန်မာပြည် ကြွယ်ဝတိုးတက်စေဖို့ တစ်ဟုန်ထိုး ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မိမိတို့တစ်ဦးချင်း၏ အောင်မြင်တိုးတက်ရေးအတွက် မိမိတို့ဘာသာ ကြိုးစားရမည်ဟူသော အသိကိုထား၍ ကြိုးစားလိုက်ပါက တစ်ပြိုင်နက်တည်းမှာပင် နိုင်ငံတိုးတက်ရေးအတွက် ကြိုးစားရာသို့ ရောက်ပါသည်။ မည်သူ့ကိုမျှ မမျှော်ကိုးပါနှင့်၊ မည်သူက တာဝန်ယူသင့်သည်ဟု တာဝန်လွှဲချမနေပါနှင့်။ ထိုသို့သောစိတ်မျိုးသည် အချိန်ကို ကုန်စေပါသည်။ စိတ်ကို လေစေပါသည်။ မိမိဘာသာ ကြိုးစားခြင်းအားဖြင့် မိမိဂုဏ်ကို မိမိမြှင့်တင်နိုင်ရုံမက မိမိ၏ နိုင်ငံသည်လည်း ကာလမကြာမီမှာပင် တိုးတက်ဖွံ့ဖြိုးလာပါလိမ့်မည်။

ရတနာတိုင်းသည် အရောင်တက်ကာ အကွက်လည်၍ အရောင်တဖျတ်ဖျတ်ထွက်လာစေရန် သွေး၍ ပေးရသည်။ မိမိတို့နိုင်ငံ၏ လွတ်လပ်မှုဆိုသည့် ရတနာကို ပိုမိုအသရေတက်စေရန် မိမိတို့၏ ကြိုးပမ်းမှုဖြင့် အရောင်တက်ကာ အကွက်လည်ပါစေဟု တိုက်တွန်းလိုက်ရပါသည်။ ။

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပညာသင်ယူနေကြသော ကျောင်းသားငယ်များအား ရှင်ပြုအလှူမင်္ဂလာကျင်းပရန်အတွက် ကျောက်မြောင်း မြို့ပတ်လမ်းနေ ဦးသိန်းဟန်(မြို့နယ်ဥပဋ္ဌာက) ဒေါ်ခင်မာကြူမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ဖေဖော်ဝါရီ ၁၇ ရက်က ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇ သီရီပဝရ ဓမ္မာစရိယ)ရှေ့မှောက်တွင် ကျောင်းအကျိုးတော်ဆောင် ဦးလှကြည်ထံ လှူဒါန်းစဉ်။ (၁၁၅)

ယနေ့နှင့် မနက်ဖြန်

* ယနေ့မနက်ဖြန်၊ ပစ္စုပ္ပန်, အနာဂတ်
စိတ်ဓာတ်ခိုင်မာ၊ လက်တွဲကာဖြင့်
ညီညာပေါင်းစု၊ စည်းလုံးမှုလျှင်
ပြည်သူ့အောင်ပွဲ၊ ခြိမ့်ခြိမ့်သဲလိမ့်။

* ယနေ့မှလွန်၊ မနက်ဖြန်ဝယ်
ရေခံမြေခံ၊ ပျိုးပင်သန်၍
ကောက်နှံစပါး၊ သီးပင်များဖြင့်
စီးပွားတိုးတက်၊ ကျေးလက်ဖွံ့ဖြိုး
စိုက်ပျိုးခြေခံ၊ ဘက်စုံရံလျက်
နိုင်ငံတော်သစ်၊ စက်မှုခေတ်နှင့်
ဖွင့်လှစ်ဘဝ၊ အလှသစ်အံ့။

* ကျေးလက်မှသည်၊ ဒို့ရွှေပြည်လျှင်
ဆည်မြောင်းတမံ၊ တံတားရံလျက်
ခြေခံအားသစ်၊ အရင်းမြစ်တို့
ဖြစ်ပေါ်ထွန်းကား၊ တိုင်းရင်းသားချင်း
သွားလာကူးလူး၊ ချစ်ကြည်နူး၍
ပူးပေါင်းစည်းလုံးနေခဲ့ပြီ။

* ယနေ့မနက်ဖြန်၊ ပစ္စုပ္ပန်, အနာဂတ်
စိတ်ဓာတ်ရင်းခံ၊ ဇာတိမာန်ဖြင့်
ဆက်ခံနည်းထုံး၊ စည်းလုံးညီညွတ်
အနာဂတ်ခေတ်မီ၊ နိုင်ငံတည်။ ။

မောင်ကြင်နွယ်

ဖေဖော်ဝါရီ ၁၃ ရက်က မရမ်းကုန်းမြို့နယ် ကိုးမိုင် မစိုးရိမ်ကျောင်းလမ်း ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက် (၁၈)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲလှူဒါန်းပွဲ၌ အလှူရှင် ဦးဇော်မင်းဦး ဇနီး ဒေါ်ခင်ခင်လှမိသားစုနှင့် ဝန်ထမ်းများက ဗလာစာအုပ်ဒါဇင် ၁၅၀၊ သီလရှင်ဝတ်စုံ ၁၅၀ နှင့် ခေါင်းလောင်းတော် တန်ဆောင်းကြီးဆောက်ရန် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းပြီး ကျောင်းတိုက်ပဓာန နာယကဆရာကြီး ဒေါ်ဣန္ဒာစာရီနှင့် အလှူရှင်များ ပန္နက်ရိုက်ပေးကြစဉ်။ (၀၅၄)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာအမ်၊မိုရှက်ခန်း၏ ဖိတ်ကြားချက်အရပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အေ၊ဘီ၊မန်ဂျူးရာဟင်မ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ယုတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ တင်ဝင်းထွန်းကုမ္ပဏီ ကျွန်းပျိုးခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား “သမီးရှင်” ရုပ်ရှင်ဇာတ်ကားဖြင့်ဖျော်ဖြေတင်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက ဖျော်ဖြေရေးအစီအစဉ်များဖြင့် စီစဉ်တင်ဆက်လျက်ရှိရာ ယမန်နေ့ ည ၇နာရီတွင် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဒါရိုက်တာအကယ်ဒမီခင်မောင်ဦး၊စိုးသိန်းထွဋ်တို့ ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီခင်သန်းနု၊ အကယ်ဒမီချိုပြုံး၊ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီမျိုးသန္တာထွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့်“သမီးရှင်” ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။

အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ဘော်လီဘော ကစားခြင်း၊ ဝိုင်းဖွဲ့ခြင်းလုံးခတ်ခြင်း၊စားပွဲတင်တင်းနစ်ကစားခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခြင်းတို့ကို ပြုလုပ်ကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကျေးပင်အက်ရေလှောင်တမံနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ဆည်ရေဖြင့် မိုးစပါး၊ နွေစပါး၊ ကြံနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က ဆည်ရေဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်မှု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် ငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားဗီးယားငါးသားပေါက် ငါးသိန်းကို တမံအတွင်း ထည့်သွင်းထားနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဒေသအတွင်း မိုးရွာသွန်းမှုနှင့် နှစ်အလိုက်မိုးရွာသွန်းမှုများကို မှတ်တမ်းထားရှိမှု၊ တမံ၏ရေဝေရေလဲဒေသများ၌ သစ်ပင်စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ကျေးပင်အက်ရေလှောင်တမံ

ကျေးပင်အက်ရေလှောင်တမံကို ၂၀၀၁ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ ကန့်ဘလူမြို့နယ်အတွင်း လယ်မြေဧရိယာ ဧက ၈၀၀၀ကို စိုက်ပျိုးရေပေးဝေရန်နှင့် ဒေသစိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ ကျေးပင်အက်ရေလှောင်တမံကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆည်ရေဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါး ၁၇၄၅ဧက၊ နွေစပါး ၁၀၆၁ ဧက၊ ကြံ ၂၀၀၄ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။

၂၀၀၄-၂၀၀၅ခုနှစ်တွင် မိုးစပါး ၂၆၆၅ဧကနှင့် ကြံဧက၄၃၄၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျေးပင်အက်ရေလှောင်တမံမှ ကန့်ဘလူမြို့နယ် စံပယ်နံ့သာကြိုးဝိုင်း၌ ဆောင်ရွက်လျက်ရှိသည့် ကျွန်းအထူးစိုက်ခင်းလုပ်ကွက်သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ကျွန်းစိုက်ခင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ၂၀၀၁-၂၀၀၂ ခုနှစ်မှ၂၀၃၀-၂၀၃၁ခုနှစ်အတွင်း စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ကျေးရွာသုံး စိုက်ခင်းများ တည်ထောင်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ၁၉၈၉ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ သစ်တောစိုက်ခင်းဧက တစ်သိန်းသုံးသောင်းကျော် တည်ထောင်ပြီးစီးမှုများ၊ ပြည်နယ်၊ တိုင်းအလိုက် ကျွန်းစိုက်ခင်းတည်ထောင်ပြီးစီးမှုနှင့် ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ကျွန်းစိုက်ခင်းတည်ထောင်ရန် လျာထားချက်များ၊ ကန့်ဘလူမြို့နယ်၌ ကျွန်းအထူးစိုက်ခင်း တည်ထောင်နေမှုများ၊ ပြည်ပနိုင်ငံအချို့၏ ပုဂ္ဂလိက ကျွန်းစိုက်ခင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တည်ဆဲသစ်တောဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သစ်တောပြုစုပျိုးထောင် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကျွန်းပင်စိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တင်ဝင်းထွန်းကုမ္ပဏီ ကျွန်းအထူးစိုက်ခင်း ရှင်းလင်းဆောင်ရှေ့၌ ကျွန်းပင်တစ်ပင်ကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျွန်းပျိုးခင်းများကိုလည်းကောင်း၊ ကျွန်းပင်များ ရှင်သန်ဖြစ်ထွန်းမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကန့်ဘလူမြို့နယ်၌ ကျွန်းအထူးစိုက်ခင်းကို ၁၉၉၈ ခုနှစ်မှစ၍ တည်ထောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်အထိ ဧက ၇၅၀၀ တည်ထောင်နိုင်ခဲ့ပြီးဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ ပုဂ္ဂလိကကုမ္ပဏီများ၏ပူးပေါင်းပါဝင်မှုဖြင့် ကျွန်းစိုက်ခင်းတည်ထောင်လျက်ရှိရာ ၂၀၀၄-၂၀၀၅ခုနှစ်တွင် တင်ဝင်းထွန်းကုမ္ပဏီက ဧက၂၀၀၊ ရွှေမိုးသာကုမ္ပဏီက ဧက၁၆၀၊ ထွန်းမြတ်အောင်ကုမ္ပဏီက ဧက ၁၆၀ တည်ထောင်ပြီးဖြစ်ကြောင်း သိရသည်။

စည်းရုံးရေးမှူးများတွေ့

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ကန့်ဘလူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ယာယီအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ရွှေဘိုခရိုင်နှင့် ရွှေဘို၊ ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ဝက်လက်၊ ဒီပဲယင်းနှင့် ကျွန်းလှ မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ကန့်ဘလူမြို့နယ်မှ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ယာယီအတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က တိုင်းအတွင်း အသင်း၏ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က လိုအပ်သည်များကို မှာကြားကြပြီး အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်ရှိ ကျေးပင်အက် ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဓမ္မိကဓမ္မာရုံတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အောင်ဆန်းတောရ တပ်ဦးဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၏ တရားပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ညစဉ် ည ၆ နာရီမှ ၇ နာရီအထိ ဓမ္မိကဓမ္မာရုံ အမှတ်(၅) ရပ်ကွက် အနောက်ရန်ကင်း ရန်ကင်းမြို့နယ်၌ တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကိုးမိုင်မဟာစည် ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီက မဟာစည်ဓမ္မာရုံကြီးတွင် ကျင်းပရာ **(အပေါ်ပုံ)** ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဩဝါဒ ပါတိမောက် အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြသည်။ ဆက်လက်၍ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက ဩဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးဘွဲ့ကဗျာများကို ညီညာဖြိုဖြိုး ရွတ်ဆိုပူဇော်ကြသည်။

ဩဝါဒါစရိယဆရာတော် ဦးကဝိဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်က ဩဝါဒပါတိမောက်တရားတော်ကို အကျယ်တဝင့်ဟောကြားတော်မူသည်။ အမေရိကန်နိုင်ငံရောက် ကိုဇေယျမိသားစုက ယောဂီနှင့် သံဃာများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဒေါက်တာတင်မြင့်ခိုင်က အလှူရှင်များအား ဂုဏ်ပြုလွှာချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

မဟာဝိဇယျရုံသီ စေတီတော်ဘက်စုံမွမ်းမံ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီး စံပြကျေးရွာတွင် တည်ထားကိုးကွယ် လျက်ရှိသော သမိုင်းဝင် ဆုတောင်းပြည့် မဟာဝိဇယျရုံသီ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိသည်။ လှူဒါန်းလိုသော စေတနာရှင်များသည် စေတီတော်ကြီး၏ ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများပြင်ဆင်မွမ်းမံလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြခန်းများကို ပြင်ဆင်မွမ်းမံလျက်ရှိသည်။

ကြပ်မတ်စစ်ဆေး

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြခန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ သမဝါယမဝန်ကြီးဌာန ပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးပြခန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ပြခန်း၊ သာသနာရေးဝန်ကြီးဌာန ပြခန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းတို့ကို ယနေ့နံနက်ပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မွမ်းမံလျက်ရှိရာ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၂-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	အကပြိုင်ပွဲ
၈:၀၅	၇။	ကြေးမုံရိပ်သွင်တေးနယ်ဥ်
၈:၂၀	၈။	ဘော်ဘင်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀	၇။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၄၀	၈။	**"သစ်ဆိမ့်ဖူးစာ"** သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၇:၅၅	၉။	တေးဂီတအစီအစဉ်
၁၈:၀၅	၁၀။	မြန်မာစာ၊မြန်မာစကား
၁၈:၂၀	၁၁။	Discovery
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း-၁၀)
၁၉:၃၀	၁၅။	ဇင်ပြွန်းကုန်းကျေးရွာ၏ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး
၁၉:၄၀	၁၆။	နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲ၊ ပြပွဲကြိုတင်ပြင်ဆင်မှုများ (ပန်းပု)
၁၉:၅၀	၁၇။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **"နှုတ်မရတဲ့အချစ်ဆူး"**(အပိုင်း-၂) ရန်အောင်၊ မေသန်းနု၊ ဆုပန်ထွာ (ဒါရိုက်တာ-မြင့်ကျော်)

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၂၄)ကြိမ်မြောက် ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး သိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ၂၀၀၅ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော အသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးသိမ်းအား နာယက ဦးဘစောက ဂုဏ်ပြုလွှာပေးအပ်ပြီး ဆက်လက်၍ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား အသင်းနာယကနှင့် အမှုဆောင်များက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆရာကြီးဦးပု၊ ဆရာဦးချစ်ဆွေ၊ ဆရာမ ဒေါ်အေးကြည်တို့က ဒိုက်ဦးအထကမှ မောင်အောင်ဇင်ဖြိုးနှင့် မောင်မျိုးမြတ်ဦးတို့အား ပညာသင်ထောက်ပံ့ငွေကျပ် ၄၅၀၀၀စီ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ-ဂျပန် ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ-ဂျပန်(Kinki)ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ကျင်းပရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)တွင် ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အတွင်းရေးမှူး ဦးတိုးမောင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးနော်တောင်တို့က ချစ်ကြည်ရေးပွဲနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးတင်ပြကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်က အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ယှဉ်ပြိုင်မည်

မြန်မာ-ဂျပန် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲများအဖြစ် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် ကင်ကီ (Kinki) တက္ကသိုလ်အသင်းတို့သည် မတ်လ ၂ရက်၊ ၄ရက်နှင့် ၆ရက်တို့၌ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် လက်ရည်စမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကုသိုလ်ပြုလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်း တောင်တွင်းကြီးမြို့ ရွှေအိုးရပ် ဗိုလ်ချုပ်လမ်းရှိ ပညာရောင်ခြည် သီလရှင်စာသင်တိုက် ရေရရှိရေးလုပ်ငန်းအတွက် ဦးလှ-ဒေါ်ကြည်ကြည်မြင့်၊ ဦးမြသာဒွန်း -ဒေါ်နန်းပုတ်ခမ်းမိသားစုတို့က မတည်လှူဒါန်း ငွေကျပ်လေးသိန်းဖြင့် မတ်လဆန်းတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုပါက တောင်တွင်းကြီး ဖုန်း-၀၆၃-၅၀၃၀၀သို့ လည်းကောင်း၊ ရန်ကုန် ဖုန်း-၀၁-၆၁၀၁၅၅သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲစတင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Myanmar PGA၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Asian Tour Ltd. တို့က ကြီးမှူး၍ Rothmans of Pall-Mall Myanmar Pte.,Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၅ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ Myanmar PGA အထွေထွေအတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် လက်ရှိချန်ပီယံ Thong Chai Jaidee (ထိုင်း)နှင့် Matthew Cort (အင်္ဂလန်)တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျှော့ရိုက်ပြီး ၆၇ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

Sung Mao-Chang (တရုတ်တိုင်ပေ)၊ Olie Nordbrrg(ဆွီဒင်)၊ Boonchu Ruangkit (ထိုင်း)နှင့် Ybh Chang-Ting(တရုတ်တိုင်ပေ)တို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကြပြီး ၆၈ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Co-sponsors များအဖြစ် Myanmar Airways International (MAI), Sedona Hotel (Myanmar), Srixon Myanmar Brewery Ltd, Canon နှင့် Max Myanmar Co.,Ltd.တို့က ထပ်မံ၍ ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Han Event Management နှင့် Octagonတို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၅ရက် နံနက် ၇နာရီတွင် ယင်းဂေါက်ကွင်း၌ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကိုဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၂ရက်က (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် လက်တွေ့ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အမက(၂) လှိုင်မြို့နယ်တွင် ကျင်းပရာအမှတ်(၉)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂ရက်က ကနောင်ခန်းမ၌ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး ရဲသူရိန် ဦးအောင်ဝင်းစိန်က သင်တန်းဆင်းအမှာစကားပြောကြားစဉ်။ (က-ပ)

နေရာကွက်၍လေပြင်းတိုက်ခတ်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယနေ့မှစ၍ မေလလယ်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့တွင် မွန်းလွဲ၊ညနေပိုင်းတို့၌ အချို့နေရာများတွင် နေရာကွက်၍ လေပြင်း တိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ ခေတ္တမျှတိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးရွာခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅(မြန်မာ)ဆုချီးမြှင့်ပွဲကျင်းပ
မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅(မြန်မာ) ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏအဲ့ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သန်းနွဲ့နှင့် နာယက အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဂျူရီနှင့် ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်နိုင်ငံများဖြစ်ကြသော ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ပါကစ္စတန်၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အထူးဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ကျင်းပပြီးစီး

ဆုချီးမြှင့်ပွဲအခမ်းအနားမစတင်မီ နံနက် ၉ နာရီမှစတင်၍ အမျိုးသား၊ အမျိုးသမီး (Regu Event)ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများကို ကျင်းပရာ ပြိုင်ပွဲ ပွဲစဉ်များအားလုံး နံနက် ၁၁နာရီခွဲတွင် ကျင်းပပြီးစီးသွားသည်။

ယင်းနောက်ဆုချီးမြှင့်ပွဲအစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သန်းနွဲ့က အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ကိုရီးယားအသင်းနှင့်မြန်မာ(ခ) အသင်း၊ ဒုတိယဆုရ မြန်မာ(က) အသင်းနှင့် ပထမဆုရ ထိုင်းအသင်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် ကိုရီးယားအသင်းနှင့် မြန်မာ(ခ)အသင်း၊ ဒုတိယဆုရ မြန်မာ(က)အသင်းနှင့် ပထမဆုရထိုင်းအသင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်က အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ပူးတွဲတတိယဆုရ မြန်မာ(က)အသင်းနှင့် မြန်မာ(ခ) အသင်း၊ဒုတိယဆုရမလေးရှားအသင်းနှင့် ပထမဆုရ ထိုင်းအသင်းတို့အား ဆုများ ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ပူးတွဲတတိယဆုရရှိကြသည့် ထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ ဒုတိယဆုရ မြန်မာ(က)အသင်းနှင့် ပထမဆုရ မြန်မာ(ခ) အသင်းတို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၉ရက်က မြောက်ဥက္ကလာပ ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ သဒ္ဓမ္မသီရိကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတနှင့် တပည့်ဒါယကာ ဒါယိကာမများက သီလဝိသောဓနီသိမ်တော်ကြီးတည်ဆောက်ရန် ပထမအကြိမ်အလှူငွေ ကျပ် ၁၁သိန်း လှူဒါန်းရာ၌ ဆရာတော်၏ကိုယ်စား ယုဇနဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဦးရေချမ်းက လှူဒါန်းပြီး သိမ်တော်ကြီး ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံရယူစဉ်။ (က–ပ)

ရွှေပြည်ဟိန်းဆရာတော်ဓမ္မခရီး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတောင်ရိုးရွှေကျောင်းနှင့် ရန်ကုန်မြို့ ရွှေပြည်ဟိန်းဆရာတော် သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရီ လက်ခံရသည့် ဖေဖော်ဝါရီ၂၆ရက်ညနေတွင် ဆည်းဆာထောက်ကြံ့တောရနှင့် မှော်ဘီ(၂)ရပ်ကွက် မိုးကုတ်ဓမ္မရိပ်သာ၊ ၂၇ရက် ည သန်လျင် မဇ္ဈိမာရုံကျောင်း ရွှေဥဓမ္မပူဇာသဘင်၊ ၂၈ရက် ည ရွှေပြည်သာ၊မတ်၁၊၂ရက် ည ဇရာဝတီတိုင်း ဒါးက၊ ၃ ရက်ည ညောင်တုန်းမြို့သုဓမ္မာပရိယတ္တိ၊ ၄၊ ၅ ရက် ည သုံးခွ နန်မလဲ၊ ၆၊ ၇၊ ၈ ရက်ညများတွင် မြိတ်မြို့ လေးကျွန်းဆီမီးဓမ္မသဘင်တို့သို့ ဓမ္မခရီး ကြွရောက်မည်ဖြစ်ကြောင်း သိရသည်။(က–ပ)

မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သန်းနွဲ့ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅(မြန်မာ) ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၌ ပထမဆုရ ထိုင်းအသင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာသင်တန်း (ကြီးကြပ်ဝန်ထမ်းနှင့် အရာရှိအဆင့်) အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီတွင် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာ သင်တန်းသို့ သင်တန်းသား ၄၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။(က–ပ)

မန်းချောင်းယာယီတံတားတည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်း ငဖဲမြို့နယ် ငဖဲ–ရွှေစက်တော်လမ်းပေါ်ရှိမန်းချောင်းယာယီချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းအား ပြည်သူလူထု လုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်အုံး၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမြတ်လှိုင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ ကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅(မြန်မာ)ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပထမဆုရ မြန်မာ(ခ)အသင်းအားဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နံပါတ်အနက် တရားမဝင်တက္ကစီများအား ထိရောက်စွာစစ်ဆေးအရေးယူမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသည့် သယ်ယူပို့ဆောင်ရေးယာဉ်များအား လုပ်ငန်းလိုင်စင်များ စနစ်တကျပြုလုပ်ပေးလျက်ရှိရာ ယခုအခါ မြို့ကြီးအချို့တွင် ကိုယ်ပိုင်လိုင်စင်နံပါတ်အနက်ဖြင့် စင်းလုံးငှား (Taxi) အဖြစ် တရားမဝင်ဂိတ်ထိုး ပြေးဆွဲနေသောမော်တော်ယာဉ်များ တိုးပွားလျက်ရှိသည်။

စင်းလုံးငှား(Taxi) ပြေးဆွဲနေသော မော်တော်ယာဉ်များသည် ပြည်နယ်၊တိုင်း၊ ခရိုင်နှင့် မြို့နယ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးများတွင် ‘ဂ’အမျိုးအစား စင်းလုံးငှား လုပ်ငန်းလိုင်စင်ရယူပြီးမှသာလျှင် တရားဝင်ပြေးဆွဲခွင့်ရှိသည်။

လုပ်ငန်းလိုင်စင်ပြုလုပ်ခြင်းမရှိဘဲ ကိုယ်ပိုင်လိုင်စင်နံပါတ်အနက်ဖြင့် စင်းလုံးငှား (Taxi)အပြင် လိုင်းကားများအဖြစ် တရားမဝင်ပြေးဆွဲနေသော မော်တော်ယာဉ်များကို စစ်ဆေးဖော်ထုတ်ပြီး ၁၉၆၃ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်သည်။ လုပ်ငန်းလိုင်စင်မဲ့ ပြေးဆွဲနေသည့် မော်တော်ယာဉ်များအားလုံးသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးများတွင် တရားဝင်လုပ်ငန်း လိုင်စင်ရယူပြီးမှသာ ပြေးဆွဲကြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရ အသင်းဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟိုလမ်းနှင့် ဆီဆုံလမ်းထိပ်ရှိ တိုက်ကြီးမြို့နယ် အသင်း ဓမ္မာရုံအဆောက်အအုံတွင် ကျင်းပရာ အသင်းဝင်၃၀၀ကျော်တက်ရောက်ကြသည်။

အခမ်းအနားတွင် သက်ကြီးဘိုးဘွား ၁၀၀ကျော်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ၊ လေးဘာသာ ဂုဏ်ထူးရကျောင်းသားကျောင်းသူများနှင့် နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ရက်မှ ၂၁ ရက်အထိ မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ်စိုင်ဝေါင်းကြိုးဝိုင်းအတွင်းရှိ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ၂၀၀၄–၂၀၀၅ခုနှစ် ရေဝေရေလဲစိုက်ခင်း ၁၂၉၅ ဧကနှင့် ၂၀၀၅–၂၀၀၆ ခုနှစ် စိုက်ပျိုးရန် လျာထားသည့်ဧက ၁၀၆၀၏ စိုက်ခင်းကျင်းတူးခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ၊မင္ဂလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ၂၀၀၅–၂၀၀၆ ရေဝေရေလဲဧက ၁၀၀ မြေပြုပြင်ခြင်းလုပ်ငန်း၊ သာစည်မြို့နယ် ၂၀၀၄–၂၀၀၅ခုနှစ် ရေဝေရေလဲစိုက်ခင်းဧက ၂၅၀နှင့် ၂၀၀၅–၂၀၀၆ ခုနှစ် ရှုပါတောင်ကြိုးပြင် ကာကွယ်တောတွင် စိုက်ပျိုးမည့် ရေဝေရေလဲစိုက်ခင်း ဧက၁၀၀ ကျင်းတူးခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ယင်းနောက်ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် တာဝန်ရှိဝန်ထမ်းများအား ၂၀၀၄–၂၀၀၅ခုနှစ် စိုက်ခင်းများ ရှင်သန်မှုရှိအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စိုက်ခင်းများ မီးမလောင်အောင်ကြိုတင်ကာကွယ်စီမံထားရှိရေး၊ ၂၀၀၅–၂၀၀၆ခုနှစ် စိုက်ခင်းအတွက် မြေပြုပြင်ခြင်း လုပ်ငန်းတို့ကို သတ်မှတ် အရွယ်အစားအတိုင်း စံချိန်စံညွှန်း ကိုက်ညီမှုရှိအောင် စနစ်တကျ ကျင်းတူးဖော်ရေးနှင့် လက်ထောက် ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ရေးတို့ကို ရှင်းလင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြအပ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

သင်္ချာဘာသာ သိကောင်းစရာ

သင်္ချာဘာသာဟာ ပေးမေးခွန်းဘာသာတစ်ခုဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူတိုင်း ဖြေဆိုရမယ့် ဘာသာရပ်တစ်ခုဖြစ်တယ်။ နည်းစနစ်မှန်ရင် သင်္ချာဘာသာဟာ အောင်မှတ်ရဖို့ လွယ်ကူတဲ့ ဘာသာရပ်တစ်ခု ဖြစ်တယ်။ သင်္ကေတတွေ ပုံသေနည်းတွေ မှန်မှန်ကန်ကန်သုံးမယ်၊ တွက်နိုင်တဲ့နည်းလမ်းတိုင်း တွက်မယ်ဆိုရင် အောင်မှတ်အပြင် ဂုဏ်ထူးထောင် ရနိုင်ပါတယ်။

ဒီနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကျောင်းသားကျောင်းသူများအတွက် သင်္ချာဘာသာသိကောင်းစရာများကို နှစ်ပိုင်းခွဲပြီး ရှင်းပြမယ်။

ပထမပိုင်းအနေနဲ့ ပြဋ္ဌာန်းစာအုပ်မှာပါဝင်တဲ့ အခန်း(၁-၂)ခန်းထဲက တစ်ခန်းစီမှ အခြေခံအချက်များကို ပြောပြမယ်။

အခန်း(၁) **Functions** နဲ့ပတ်သက်ပြီး ခန့်ပြန်းစံ f နဲ့ g ရဲ့ ပုံသေနည်းတွေကို ပေးထားရင် အဲဒီခန့်ပြန်းစံရဲ့ Composite function ရဲ့ ပုံသေနည်းကို ရှာတတ်ရမယ်။ အဲဒီပုံသေနည်းတွေကိုရှာဖို့ရာ $(f\circ g)(x) = f(g(x))$ နဲ့ $(g\circ f)(x) = g(f(x))$ ဖြစ်တယ်ဆိုတာ သိရမယ်။ ဒါ့အပြင် နောက်တစ်ချက်က အားလုံးကို f နဲ့ $f\circ g$ တို့ရဲ့ ပုံသေနည်းတွေကို ပေးထားပြီး g ရဲ့ ပုံသေနည်းကိုရှာနိုင်ရမယ်လည်း ရှာတတ်ရမယ်။ inverse ရှိတဲ့ ခန့်ရှင် f အတွက် f^{-1} ပုံသေနည်းကိုလည်း ရှာတတ်ရမယ်။ အဲဒီရှာဖို့အတွက် $f(x) = y \Leftrightarrow f^{-1}(y) = x$ ဖြစ်တယ်ဆိုတာကို သိရမယ်။

အခန်း(၂) **The remainder and the factor theorem** နဲ့ပတ်သက်ပြီးတော့ Polynomial တစ်ခု f(x) ကို ax - b နဲ့စားတဲ့အခါ ရရှိတဲ့ remainder ဟာ $f\left(\frac{b}{a}\right)$ ဖြစ်တာကို သိရမယ်။ f(x) is divisible by ax - b ဒါမှမဟုတ် ax - b is a factor of f(x) ဖြစ်ရင် $f\left(\frac{b}{a}\right) = 0$ ဖြစ်တယ်။ ပြောင်းပြန်လည်း မှန်တယ်။ Degree 3 နဲ့အထက်ရှိတဲ့ Polynomial f(x) ရဲ့ တစ်ထပ်ဆခွဲကိန်း (linear factor) ရှာတဲ့အခါမှာသုံးတဲ့ x - k is a factor of $f(x) \Leftrightarrow f(k) = 0$ ဆိုတဲ့အချက်ကိုလည်း မှတ်ထားရမယ်။

အခန်း(၃) **The binomial theorem** အနေနဲ့ အပေါင်းကိန်းပြည့် n အတွက် $(x+y)^n$ ရဲ့ ချဲ့ထွင်ချက်ကို မှတ်မိရမယ်။ $(x+y)^n$ ရဲ့ ချဲ့ထွင်ချက်မှာပါတဲ့ ကိန်းလုံးအရေအတွက် (number of terms) က (n+1) ဖြစ်တာကို လည်း သိရှိထားတယ်။ ဒါ့အပြင် အဲဒီ ချဲ့ထွင်ချက်မှာပါတဲ့ ယေဘုယျကိန်းလုံး တစ်နည်းပြောရရင် r+1 မြောက်ကိန်းလုံးရဲ့ ပုံသေနည်းဖြစ်တဲ့ (r+1)th term = $^nC_r\, x^{n-r} y^r$ ဆိုတာကို အလွတ်ရအောင် ကျက်ထားရမယ်။ အဲဒီ ပုံသေနည်းကို မှတ်မိမှ ချဲ့ထွင်ချက်မှာပါတဲ့ ဘယ်နှစ်ကြိမ်မြောက် ကိန်းလုံးကိုမဆို ရှာနိုင်မှာဖြစ်ပါတယ်။ r+1 မြောက်ကိန်းလုံးရဲ့ပုံသေနည်းကို သုံးပြီး ချဲ့ထွင်ချက်မှာပါတဲ့ ကိန်းသေကိန်းလုံး (constant term)၊ အလယ်ကိန်းလုံး (middle term) တို့ကိုလည်း ရှာနိုင်တယ်။ ထပ်ညွှန်း n ဟာ စုံကိန်းဖြစ်ရင် $(x+y)^n$ ချဲ့ထွင်ချက်မှာ ကိန်းလုံးအရေအတွက်က မ ဖြစ်တဲ့အတွက် အဲဒီချဲ့ထွင်ချက်မှာ အလယ်ကိန်းလုံး နှစ်လုံးရှိပြီး n ဟာ မ ကိန်းဖြစ်ရင် ကိန်းလုံး အရေအတွက်က စုံဖြစ်တဲ့အတွက် $(x+y)^n$ ရဲ့ ချဲ့ထွင်ချက်မှာ အလယ်ကိန်းလုံးတစ်လုံးသာ ရှိတယ်။

အခန်း(၄) **Inequations** အပိုင်းမှာတော့ inequation တစ်ခုရဲ့ solution set ကိုရှာတဲ့နည်း နှစ်နည်းကို သိရှိတယ်။ ပုစ္ဆာမှာ ဘယ်နည်းနဲ့ရှာပါလို့ နည်းကိုသတ်မှတ်ပေးထားရင် ကိုယ်ကြိုက်တဲ့နည်းနဲ့ တွက်လို့ရတယ်။

အခန်း(၅) **Sequences and Series** နဲ့ပတ်သက်ပြီး Arithmetic Progression (AP) နဲ့ Geometric Progression (GP) Series နှစ်မျိုးကို ဖော်ပြထားတယ်။ Sequence (သို့မဟုတ်) Series တစ်ခုကိုပေးထားရင် အဲဒီ Sequence (သို့မဟုတ်) Series ဟာ AP လား GP လားဆိုတာ ခွဲခြားတတ်ဖို့ လိုတယ်။ AP တစ်ခုရဲ့ first term ကို a, common difference ကို d, nth term ကို u_n, sum to first n terms ကို S_n, last term ကို ℓ နဲ့ သင်္ကေတပြုတယ်။ $u_n = a + (n-1)d$ ဖြစ်ပြီး $S_n = \frac{n}{2}(a+\ell)$ ဒါမှမဟုတ် $S_n = \frac{n}{2}\{2a + (n-1)d\}$ ဖြစ်တယ်။ GP အတွက်ကတော့ first term = a, common ratio = r, nth term $u_n = ar^{n-1}$ ဖြစ်ပြီး $r \neq 1$ အတွက် sum to first n terms $S_n = \frac{a(1-r^n)}{1-r}$ ဖြစ်တယ်။

Series တစ်ခုအတွက် $u_n = S_n - S_{n-1}$ ဆိုတဲ့ ပုံသေနည်းဟာလည်း မှတ်ထားသင့်တဲ့ ပုံသေနည်းတစ်ခု ဖြစ်တယ်။

|r| < 1 ဖြစ်တဲ့ infinite geometric series ရဲ့ ပေါင်းလဒ် S ကိုရှာဖို့အတွက် $S = \frac{a}{1-r}$ ဆိုတာလည်း မှတ်မိဖို့လိုတယ်။ ဒီအခန်းမှာ ပုံသေနည်းတွေကို မှတ်မိရုံသာ ပုစ္ဆာတွက်နိုင်မှာမို့ ပုံသေနည်းတွေကို အလွတ်ရအောင် ကျက်ထားရမယ်။ သက်ဆိုင်ရာ သင်္ကေတတွေကိုလည်း မှန်မှန်ကန်ကန် သုံးတတ်ဖို့ အရေးကြီးပါတယ်။

အခန်း(၆) **Matrices** နဲ့ပတ်သက်ပြီး matrix ပါတဲ့ညီမျှခြင်းတွေကို ဖြေရှင်းနိုင်ရမယ့်အပြင် ထပ်တလဲလဲနဲ့ system of linear equations ကို matrix သုံးပြီး ဖြေရှင်းတတ်ဖို့လိုတယ်။ ဒါ့အတွက် ဖြေရှင်းနိုင်ဖို့ရာ မေးခြင်းပေါင်းခြင်း၊ စကေလာတစ်ခုရဲ့ မြှောက်ခြင်း၊ မြှောက်နိုင်တဲ့ မေးခြင်းဆိုင်ရာ မြှောက်ခြင်းတို့ကို သိရမယ့်အပြင် inverse ရှိတဲ့ 2 x 2 matrix တစ်ခုရဲ့ inverse ကို ရှာတတ်ရမယ်။ 2 x 2 matrix တစ်ခုရဲ့ inverse ပုံသေနည်းကိုလည်း မှတ်မိရမယ်။ 2 x 2 singular matrix ဆိုတာ inverse မရှိတဲ့ မေးခြင်း တစ်နည်းပြောရရင် determinant တန်ဖိုး zero ဖြစ်တဲ့ မေးခြင်းဆိုတဲ့အချက်ကလည်း သိသင့်တဲ့အချက်ဖြစ်တယ်။

အခန်း(၇)ရဲ့ ပထမပိုင်းဖြစ်တဲ့ **Statistics** အပိုင်းမှာတော့ ပေးထားတဲ့ ကိန်းတွေရဲ့ mean, median, mode တို့ကို ရှာတတ်ရမယ်။ ဒုတိယပိုင်းဖြစ်တဲ့ Probability အပိုင်းမှာတော့ experiment တစ်ခုရဲ့ possible outcomes နဲ့ favourable outcomes တွေကိုရှာဖို့ tree diagram ဒါမှမဟုတ် table ဆွဲတတ်ရမယ်။

Probability of an outcome = $\frac{\text{No. of favourable outcomes}}{\text{No. of possible outcomes}}$ ဆိုတာသိရမယ်။ outcome တစ်ခုရဲ့ probability တန်ဖိုးဟာ 0 နဲ့ 1 ကြားမှာရှိပြီး 0 လည်းဖြစ်နိုင်သလို 1 လည်းဖြစ်နိုင်တယ်။ A နဲ့ B ဟာ mutually exclusive outcomes တွေဖြစ်ရင် P(A or B) = P(A) + P (B) ဖြစ်ပြီး A နဲ့ B ဟာ independent outcomes တွေဖြစ်ရင်တော့ P(A and B) = P(A).P(B) ဖြစ်တယ်။ ဒါ့အပြင် outcome A အတွက် P(not A) = 1 - P(A) ဖြစ်တာကိုလည်း သိသင့်တယ်။

Expected frequency နဲ့ပတ်သက်ပြီး experiment တစ်ခုကို အကြိမ်ပေါင်းများစွာပြုလုပ်တဲ့အခါမှာ ထွက်လာတဲ့ outcomes တွေထဲက outcome တစ်ခုရဲ့ expected frequency ကိုရှာနိုင်ရင် expected frequency of an outcome = P(that outcome) x number of trials ဆိုတဲ့ ပုံသေနည်းကို သိရမယ်။

အခန်း(၈) **Circles** အပိုင်းမှာတော့ သီအိုရမ်များကို သက်သေပြတတ်ရမှာဖြစ်သလို ပုစ္ဆာတွက်တဲ့အခါမှာ သုံးနိုင်ဖို့အတွက် သီအိုရမ်ရဲ့ဖော်ပြချက် (Statement) များကိုလည်း မှတ်မိရမယ်။ တစ်ပြင်ညီတည်းပေါ်မှာရှိတဲ့ အမှတ်လေးခု Concyclic ဖြစ်စေဖို့ လိုအပ်ချက်နဲ့ လုံလောက်ချက်တို့ကိုဖော်ပြတဲ့ သီအိုရမ်တွေရဲ့ ဖော်ပြချက်တွေကလည်း သိသင့်တဲ့အချက်တွေဖြစ်တယ်။

အခန်း(၉) **Areas of Similar Triangle** နဲ့ပတ်သက်ပြီး သဏ္ဌာန်တူ တြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ လိုက်ဖက်အနားနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးဖြစ်စေ၊ လိုက်ဖက်အမြင့်များနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးဖြစ်စေ၊ လိုက်ဖက်ဆောင် သက်တက်ပိုင်းမျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးဖြစ်စေ၊ လိုက်ဖက်အလယ်မျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးဖြစ်စေ တူတယ်ဆိုတဲ့အချက်တွေကို သိထားရမယ်။ ဒီအခန်းက တချို့ပုစ္ဆာတွေ တွက်နိုင်ဖို့အတွက် အချိုးနဲ့ဆိုင်တဲ့ ဂုဏ်သတ္တိတွေကို ပြန်မှတ်မိဖို့လိုတယ်။

ဒါ့အပြင် နမူနာတစ်ခုအနေနဲ့ပြောရရင် အခြေတူတြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ အမြင့်မျဉ်းနှစ်ခု အလျားများရဲ့ အချိုးနဲ့တူပြီး အမြင့်တူတဲ့ တြိဂံနှစ်ခုရဲ့ဧရိယာအချိုးဟာ အခြေမျဉ်းနှစ်ခု အလျားများရဲ့ အချိုးနဲ့တူတယ်ဆိုတာကို လည်း ပြန်မှတ်မိရမယ်။

အခန်းအသီးသီးမှာပါတဲ့ အခြေခံအချက်တွေကို မှတ်မိဖို့ရာ ပုစ္ဆာများကို ကိုယ်တိုင် တွက်ကြည့်ဖို့ လိုအပ်တယ်။ ဆရာ/ဆရာမတွေ တွက်ပြတာကို မျက်စိနဲ့ကြည့်ရုံနဲ့ မှတ်မိဖို့ရာ မလွယ်ပါဘူး။ ကိုယ်တိုင်တွက်ကျင့်မရှိရင် စာမေးပွဲခန်းထဲ ရောက်တဲ့အခါမှာ အခက်အခဲ ရှိတတ်ပါတယ်။ ဒါကြောင့် မေးခွန်းဟောင်း မေးခွန်းတွေကို မိမိကိုယ်တိုင် တတ်နိုင်သလောက် လေ့ကျင့်ပါ။ (၃)မှတ်တန်း၊ (၅)မှတ်တန်း မေးခွန်းများကိုလည်း အလေ့အကျင့်ရအောင် တွက်ကြည့်ပါလို့ တိုက်တွန်းလိုပါတယ်။ အလေ့အကျင့်ရစေရန်နှင့် အချိန်ကိုက် ဖြေဆိုနိုင်ရန် အတွက် မေးခွန်းဟောင်းများနဲ့ လေ့ကျင့်ပြီးဖြေကြည့်ဖို့ အကြံပေးလိုပါတယ်။

အခန်း(၁၀)မှာ **Vector** အပိုင်းနဲ့ Transformation အပိုင်းဆိုပြီး နှစ်ပိုင်းဖော်ပြထားတယ်။ Vectors နဲ့ ပတ်သက်ပြီး အခြေခံအချက်တစ်ခုက Triangle Law of Addition ဖြစ်တယ်။ Geometry ပုစ္ဆာတချို့ကို Vector သုံးပြီး သက်သေပြနိုင်ရင် ပြတတ်ရမယ်။ Position Vector တွေနဲ့ပတ်သက်ပြီး အမှတ်တစ်ခု A ရဲ့ Position vector ဟာ $\underline{OA}$ ဖြစ်ပြီး $\underline{AB}$ ကို A နဲ့ B တို့ရဲ့ Position vectors တွေနဲ့ဖော်ပြရင် $\underline{AB} = \underline{OB} - \underline{OA}$ ဖြစ်တယ်ဆိုတာကို သိထားရမယ်။ Transformation geometry နဲ့ ပတ်သက်လို့ကတော့ reflection about x-axis, reflection about y-axis, rotation နဲ့ translation တို့ကို ကိုယ်စားပြုတဲ့ matrix အသီးသီးကို အလွတ်မှတ်မိဖို့ လိုအပ်ပါတယ်။

Trigonometry နဲ့ပတ်သက်တဲ့ အခန်း(၁၁)မှာ degree measure နဲ့ radian measure တို့ရဲ့ ဆက်သွယ်ချက်ဖြစ်တဲ့ 180° = π radian ဆိုတဲ့အခြေခံအချက်ကို သိထားရမှာဖြစ်သလို circle တစ်ခုရဲ့ arc length, s = r θ နဲ့ Area of a sector $A = \frac{1}{2}r^2\theta$ ပုံသေနည်းနှစ်ခုကို မှတ်မိရပါမယ်။ ထောင့်ကျဉ်း ထောင့်ကျယ်တြိဂံတွေကို ဖြေရှင်းဖို့အတွက် Law of Sine နဲ့ Law of Cosine တို့ရဲ့ ဖော်ပြချက်တွေကိုလည်း သိထားရမယ်။ Trigonometry identities တွေ သက်သေပြခြင်း၊ ညီမျှခြင်းတွေ ဖြေရှင်းခြင်းတို့ကလည်း သိထားသင့်တဲ့အချက်တွေ ဖြစ်တယ်။

နောက်ဆုံး အခန်းဖြစ်တဲ့ အခန်း (၁၂) Calculus အပိုင်းမှာတော့ အခြေခံအချက်တွေအနေနဲ့ function ရဲ့ limit ရှာခြင်းနဲ့ algebraic function, trigonometric function, exponential function နဲ့ logarithmic function တွေရဲ့ derivative တွေကို ရှာတတ်ဖို့ လိုပါတယ်။ ဒါတွေကို သိထားမှသာ Application အပိုင်းမှာပါတဲ့ stationary point, maximum နဲ့ minimum တွေကို ရှာနိုင်မှာ ဖြစ်တယ်။

အခန်းအသီးသီးမှာပါတဲ့ အခြေခံအချက်တွေကို မှတ်မိဖို့ရာ ပုစ္ဆာများကို ကိုယ်တိုင် တွက်ကြည့်ဖို့ လိုအပ်တယ်။ ဆရာ/ဆရာမတွေ တွက်ပြတာကို မျက်စိနဲ့ ကြည့်ရုံနဲ့ မှတ်မိဖို့ရာ မလွယ်ပါဘူး။ ကိုယ်တိုင် တွက်ကျင့် မရှိရင် စာမေးပွဲခန်းထဲ ရောက်တဲ့အခါမှာ အခက်အခဲ ရှိတတ်ပါတယ်။ ဒါကြောင့် မေးခွန်းဟောင်း မေးခွန်းတွေကို မိမိကိုယ်တိုင် တတ်နိုင်သလောက် လေ့ကျင့်ပါ။ (၃)မှတ်တန်း၊ (၅)မှတ်တန်း မေးခွန်းများကိုလည်း အလေ့အကျင့် ရအောင် တွက်ကြည့်ပါလို့ တိုက်တွန်းလိုပါတယ်။ အလေ့အကျင့် ရစေရန်နှင့် အချိန်ကိုက် ဖြေဆိုနိုင်ရန်အတွက် မေးခွန်းဟောင်းများနဲ့ လေ့ကျင့်ပြီး ဖြေကြည့်ဖို့ အကြံပေးလိုပါတယ်။

ကျောင်းသား ကျောင်းသူများ အနေနဲ့ စာမေးပွဲ မေးခွန်းပုံစံများကို ကြိုတင်သိထား ဖြစ်ပါလိမ့်မယ်။

Section A က multiple choice မေးခွန်းများ ဖြစ်တယ်။ မေးခွန်းပေါင်း (၂၅)ပုဒ် မေးထားပြီး တစ်ပုဒ်ကို တစ်မှတ်ပေးထားတဲ့အတွက် **စုစုပေါင်း ၂၅ မှတ်** ဖြစ်တယ်။ ကျောင်းသူ ကျောင်းသားတိုင်း **မဖြစ်မနေ ဖြေရမယ့် Section** ဖြစ်တယ်။

Section B မှာ တစ်ပုဒ်ကို (၃)မှတ်ပေးထားတဲ့ မေးခွန်းတွေမေးထားပြီး (၅)ပုဒ်ဖြေရတဲ့အတွက် **စုစုပေါင်း ၁၅ မှတ်** ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ အခန်း(၁-၂)ခန်းထဲက အခြေခံအချက်တွေအပေါ်မှာ မေးထားတဲ့ မေးခွန်းတွေဖြစ်တယ်။

Section C မှာကတော့ (၁၀)မှတ်တန်း မေးခွန်းစုစုပေါင်း (၉)ပုဒ် မေးထားပြီး **ကြိုက်ရာ(၆)ပုဒ်ကို ဖြေရမှာ** ဖြစ်တယ်။ တစ်ပုဒ်စီမှာ (a) နဲ့ (b) ဆိုပြီး အပုဒ်ခွဲပေးထားတယ်။ (a) အတွက် (၅)မှတ်၊ (b) အတွက် (၅)မှတ်ပေးထားတယ်။ (၆)ပုဒ်ဖြေဆိုရတဲ့အတွက် **စုစုပေါင်း ၆၀မှတ်** ဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုနေ့အကြိုအရောင်းပွဲတော်

(10.2.2005 မှ 9.3.2005) အတွင်း

"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

(လူတိုင်း လူတိုင်း ထိုက်တန်၍ ဖြစ်နိုင်ရမည်)

* အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ ၊ တည်ဆောက်ဆဲတိုက်ခန်းများ ၊ ဆိုင်ခန်းများ ၊ မြေကွက်များ လုံးချင်းများ
* လှိုင်မြို့နယ် ၊ ကမာရွတ်မြို့နယ် ၊ သုဝဏ္ဏမြို့နယ် ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၊ ဒဂုံတောင်/မြောက်မြို့နယ်
* တိုက်ခန်းမျိုးစုံ ၊ အထပ်စုံ ၊ အရွယ်စုံ HALL TYPE, ROOM TYPE
* လူနေခန်းပဲလုပ်လုပ် ၊ ရုံးခန်းပဲလုပ်လုပ် ၊ စီးပွားရေးပဲလုပ်လုပ် ၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

အမြတ်ခွန် ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်

တိုက်ခန်းတန်ဖိုးအနည်းဆုံး (၂၃) သိန်းဖြစ်ပါတယ်

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်) ၊ တတိယထပ် ၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။

ဖုန်း – ၅၄၀၇၄၅ ၊ ၅၄၀၇၄၆ ၊ ၅၄၀၇၄၇ ။

Welding သင်တန်းသားခေါ်ယူခြင်း

ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများ၊ အတတ်ပညာရပ်တစ်ခုအဖြစ် တတ်မြောက်လိုသူများအတွက် နိုင်ငံခြားပြန် ဝါရင့်နည်းပြဆရာမှ ခေတ်မီစက်ကိရိယာများဖြင့် Welding သင်တန်းဖွင့်လှစ်ပြီး 4G အဆင့်ထိ သင်ကြား ပေးလျက်ရှိရာ တက်ရောက် သင်ကြားလိုသူများ တောင်ဒဂုံစက်မှုဇုန် (၂)ရှိ Arbourfield Welding အဆင့်မြင့်သင်တန်းကျောင်းတွင် စာရင်းပေး တက်ရောက်နိုင်ပါသည်။ သင်တန်းတက်ရောက်ပြီးပါက Singapore SEC အဆင့်မီဖြေဆိုနိုင်သည်။

(နယ်မှ သင်တန်းသားများအတွက် နေထိုင်ရန် စီစဉ်ပေးမည်)

ဆက်သွယ်ရန်လိပ်စာ–

အမှတ်(၁၆၂)၊ ပထမထပ် (ညာ)၊ လမ်း(၅၀) (အပေါ်ဘလောက်)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၉၁၂၀၂၊ ၀၉–၈၀–၂၀၈၆၇။

RE BORN General Service & Training Centre

[illegible]

No.125(GF),41st Street, Botataung Tsp., Yangon. Ph : 252791

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ကျပ်ငွေဖြင့်ခန့်ထားရန်)

ရေသန့်၊ ရေခဲဖြန့်ဖြူးရန်လုပ်ငန်း အတွေ့အကြုံရှိသည့် ယာဉ်မောင်းဝန်ထမ်း အလိုရှိသည်။

စိတ်ပါဝင်စားသူများ မှတ်ပုံတင်(မိတ္တူ)၊ ယာဉ်မောင်းလိုင်စင်(မိတ္တူ)၊ အလုပ်သမားမှတ်ပုံတင် (မိတ္တူ)၊ အကျင့်စာရိတ္တနှင့် ပတ်သက်သော မိမိမြို့နယ် ရဲစခန်းထောက်ခံစာ၊ မိမိကိုယ်ရေးရာဇဝင် (C.V Form)၊ လုပ်ငန်းအတွေ့အကြုံကိုဖော်ပြ၍ အမှတ် ၁၂၇၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

စာမျက်နှာ (၁၅)မှ အဆက်

[illegible] Section A [illegible] Answer All questions. Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer [illegible] Answer All questions, [illegible] Choose the correct or the most appropriate answer for each question [illegible] Write the letter of the correct or the most appropriate answer [illegible] Section A [illegible] capital letters A, B, C, D, E [illegible] capital letter [illegible] capital letter [illegible] small letter [illegible]

Section B [illegible]

Section C [illegible] section [illegible]

[illegible] section A, section B, section C [illegible] section [illegible]

Section C [illegible]

[illegible]

[illegible]

[illegible]

[illegible]

မအူပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မလက်တိုစံပြ ကျေးရွာတွင် ကျေးလက် အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ ကျေးရွာနေပြည်သူများ ရပ်ရွာစလေ့ဖြင့် ပျော်ရွှင် ချမ်း မြေ့ စွာ နေထိုင်မှုကို တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

ရေစကြိုမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ ပညာရေးစုံညီပွဲနှင့် ပညာရည်ချွန်ဆုပေး

ရေစကြို ဖေဖော်ဝါရီ ၁၇

ရေစကြိုမြို့နယ် ကြက်ဆူကျင်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းမေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို စတင် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ကျောင်းဘင်ခရာအဖွဲ့က မြန်မာ့ကျောင်းသီချင်းဖြင့်လည်းကောင်း၊ **(အောက်ပုံ)** ဆဋ္ဌမတန်း ကျောင်းသူများက စုံညီပွဲတော် တို့နွဲပျော်သီချင်းဖြင့် လည်းကောင်း အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင်ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဆားဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆားဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များ အားတက်သရောပါဝင်မှုကြောင့် အမျိုးသားညီလာခံကြီး ချောမောအောင်မြင်လျက်ရှိ
အကြံပြုတင်ပြချက်များကို သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းပြီး ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်
အမျိုးသားညီလာခံကြီးချောမောအောင်မြင်စွာ ကျင်းပနိုင်ရေး ညီလာခံကိုယ်စားလှယ်ကြီးများအပေါ်မူတည်
ပြည်တွင်းပြည်ပဆန့်ကျင်ဘက် အဖျက်သမားများ၏ အဖျက်အမှောင့်များ သတိတရားလက်ကိုင်ထားကျော်လွှား

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၅)ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာခန်းမရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နှင့်စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေရှိနယ်မြေများ
ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်၌ထားရှိ
အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိ ဦးမြအေး၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက်

စာမျက်နှာ ၅ ကော်လံ ၁ ❐

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် အပြုသဘောဆောင်သော ကောင်းမြတ်သည့်ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ရာ နှစ်နိုင်ငံပြည်သူများအကြား အကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်သည်။

ခေါင်းကြီး(စာ-၂)

❐ လွတ်လပ်သောနိုင်ငံတိုင်း၌ မိမိတို့ဓလေ့စရိုက်နှင့်ကိုက်ညီသော တရားဥပဒေများပြဋ္ဌာန်းထားကြသည်။ တရားဥပဒေဘောင်အတွင်းတွင် လူတိုင်းနေထိုင်ကြမှ လူတိုင်းသည် ရသင့်ရထိုက်သော အခွင့်အရေးများကို သာတူညီမျှရကြမည် ဖြစ်သည်။

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ ဆောင်းပါး(စာ-၁၀)

သဘာပတိအဖွဲ့ကိုယ်စားအလှည့်ကျသဘာပတိ အဖွဲ့၏အဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေးက 'ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုမှုအာဏာ ခွဲဝေအပ်နှင်းရေး' နှင့် 'ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုမှုအာဏာ' တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)